# ကြေးမုံ
## The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ သောကြာနေ့၊ (17-3-2006) (၄၉၀၂)


### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





# ကွမ်းခြံကုန်း၊ ကော့မှူးရှိ ရေမြောင်းကြီးလေးမြောင်းနှင့် ရေထိန်းတံခါးများကို ပြန်လည်ပြုပြင်မည် ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် နွေသီးနှံများစိုက်ပျိုးရေး အထောက်အကူပြုစေရန် အရှေ့ဘက်ခြမ်းတွင်တည်ဆောက်မည့် ဝါးကတုတ်နှင့် ကိုဒူးကွဲရေလှောင်တမံတို့ကို အမြန်ဆုံးပြီးအောင်တည်ဆောက်ဆည်များ၊ ရေလှောင်တမံများ တည်ဆောက်ရာတွင် စိုက်ပျိုးရေပေးဝေသည့်မြောင်းများပါ တစ်ပြိုင်တည်းပြီးအောင်တည်ဆောက်

ရန်ကုန် မတ် ၁၆

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံစီမံကိန်း၊ ရန်ကုန်မြို့တော် ရေပေးရေးစီမံကိန်းနှင့် ငမိုးရပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ငမိုးရိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။**
(အပေါ်ပုံ) (သတင်းစဉ်)

### ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငမိုးရိပ်ရေလှောင်တမံစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ငမိုးရိပ်ရေလှောင်တမံ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪

## ငမိုးရိပ်ရေလှောင်တမံစီမံကိန်းကို သီးထပ်များစိုက်ပျိုးနိုင်ရန်၊ မိုးရာသီတွင်စိုက်ပျိုးမည့်သီးနှံများအတွက် မိုးရေဖြင့်မလုံလောက်ပါက လိုအပ်သောရေကိုဖြည့်ပေးရန်၊ ငမိုးရိပ်ချောင်း ရေလွှမ်းမိုးမှုမှ ကာကွယ်ထိန်းသိမ်းပေးရန်နှင့် ရန်ကုန်မြို့တော်သို့ သောက်သုံးရေ နေ့စဉ်ဂါလန် ၁၃၅သန်း ပေးဝေနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့။

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

17-3)01.P65 1 32/5/1, 1:18 PM

ကြေးမုံ The Mirror
၁၇-၃-၂၀၀၆
(သောကြာနေ့)

**ပြည်သူ့သဘောထား**

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# (၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

## (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အရည်အသွေးကောင်း ကျောက်မျက်ရတနာများပြသ

မြန်မာနိုင်ငံသည် ရွှေ၊ ငွေ၊ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲရတနာများကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ မိုးကုတ်ရတနာမြေ၊ မိုင်းရှူးရတနာမြေနှင့် ပြင်လုံရတနာမြေတို့တွင် ပတ္တမြား၊ နီလာနှင့် အဖိုးတန်ကျောက်မျက်သယံဇာတများ ထွက်ရှိသည်။

ကချင်ပြည်နယ် ဖားကန့်ဒေသနှင့် စစ်ကိုင်းတိုင်းရှိ ခန္တီးဒေသတို့သည် ကျောက်စိမ်းထွက်ရှိမှုကြောင့် ထင်ရှားကျော်ကြားသည်။ အဆိုပါကျောက်စိမ်းထွက်ရှိရာ ဒေသများသည် နေရာဒေသ တစ်ခုစီဖြစ်သော်လည်း ကျောက်စိမ်းကြောကြီးများမှာ တစ်ဆက်တစ်စပ်တည်းဖြစ်တည်နေသည်ဟုသိရသည်။

မြန်မာ့ရတနာမြေများမှ ထွက်ရှိလာသည့် ကျောက်မျက်ရတနာများကို တိုးမြှင့်ရောင်းချနိုင်ရေးနှင့် နိုင်ငံခြားငွေ ပိုမိုရရှိရေးအတွက် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ်ခင်းကျင်းပြသရောင်းချခဲ့သည်။

၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မတ်လ ၁၅ ရက်နေ့မှ စတင်ခင်းကျင်းပြသလျက်ရှိပြီး မတ်လ ၁၈ ရက်မှ ၂၄ ရက်နေ့အထိ ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲများကို ရောင်းချသွားမည်ဖြစ်သည်။

ယခုနှစ် ခင်းကျင်းပြသလျက်ရှိသော မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်နိုင်ရေးအတွက် နိုင်ငံပေါင်း ၂၄ နိုင်ငံမှ ကုမ္ပဏီ ၇၈၂ ခုကို ဖိတ်ကြားခဲ့ရာ ရတနာကုန်သည် ၁၀၀၀ ကျော်ခန့် တက်ရောက်မည်ဟု ခန့်မှန်းထားသည်။

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၏ ထူးခြားမှုတစ်ခုမှာ မြန်မာနိုင်ငံမှထွက်ရှိသော အရည်အသွေး ကောင်းမွန်လှပသည့် ရွှေရောင်ပုလဲများအား ပြသရောင်းချမည့်အစီအစဉ်ပင်ဖြစ်သည်။ ပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်ရာ ပုလဲအတွဲပေါင်း ၂၅၀၊ ပုလဲလုံးရေ ၂၃၉၅၀ ပါဝင်သည်။

အလားတူ အရည်အသွေးကောင်းမွန်သည့် အထည်ကျောက်ရိုင်းတုံးများအပါအဝင် ကျောက်စိမ်းအတွဲ ၂၄၅၉ တွဲ၊ ကျောက်မျက်အတွဲ ၂၅၁ တွဲနှင့် လက်ဝတ်ရတနာမျိုးစုံတို့ကိုလည်း ခင်းကျင်းပြသထားသည်။ ကျောက်မျက်အတွဲများတွင် မိုင်းရှူးကျောက်မျက်ရတနာမြေမှ ကျောက်မျက်များနှင့် မိုးကုတ်ရတနာမြေမှ ကျောက်ကြီးကျောက်ကောင်းများ ပါဝင်သည်။

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက်နှင့် ကျောက်စိမ်းအရိုင်းတုံးများမှာ အရေအတွက်များပြားလှသကဲ့သို့ အရည်အသွေးလည်း ကောင်းမွန်လျက်ရှိရာ ရတနာကုန်သည်များ နှစ်ခြိုက်သဘောကျကြမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ယခင်က နိုင်ငံတော်ကသာ အဓိက ဆောင်ရွက်ခဲ့ပြီး ယခုအခါ တိုင်းရင်းသားပုဂ္ဂလိက ကျောက်မျက်ရတနာကုမ္ပဏီများကပါ အကျိုးတူကျောက်မျက် ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ကျောက်မျက်ရတနာလုပ်ငန်း ကျယ်ပြန့်စွာ တိုးတက်လာလျက်ရှိသည်နှင့်အညီ ယခုခင်းကျင်း ပြသရောင်းချလျက်ရှိသည့် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင်လည်း အရည်အသွေးကောင်း မြန်မာ့ကျောက်မျက်၊ ကျောက်စိမ်းနှင့်ပုလဲရတနာများကို တိုးမြှင့်ရောင်းချသွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။





## ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူကုမ္ပဏီမှ တာဝန်ရှိသူများတွေ့ဆုံ

ရန်ကုန် မတ် ၁၆

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား** New Skies Satellites Singapore B.V**မှ** Mr. Ronald Breggen ( Corporate Head Office Netherlands)**နှင့်** Mr. Matthew Oh (Director Sales, Asia Pacific)**တို့သည် ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။** (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ (သတင်းစဉ်)

## မိုးကုတ်ဝိပဿနာ ၁၀ရက် တရားစခန်း

**ရန်ကုန် မတ် ၁၆**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ သံသုမာလမ်းရှိ သုဝဏ္ဏသိဂီ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် ဧပြီ ၈ရက်မှ ၁၇ရက်အထိ ၁၀ရက်တရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။

စခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးနာရဒ အရှင်မြတ်နှင့် ဓမ္မကထိက ဆရာဦးခင်မောင် (သုဝဏ္ဏသိဂီ)တို့က ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများနှင့် ဆွမ်းအလှူရှင်များ ဖုန်း-၅၇၂၃၉၅သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

## သာသနဟိတဓမ္မာရုံ မိုးကုတ်တရားစခန်းဖွင့်မည်

**ရန်ကုန် မတ် ၁၆**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်လုံးဆိုင်ရာ ဝိနယာဓိက ပရိယတ္တိစာဖြေဌာန (၂)ရပ်ကွက်၊ သီတာလမ်း၊ သာသနဟိတဓမ္မာရုံတော်မြတ်ကြီးတွင် ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ (၁၉)ကြိမ်မြောက် မဟာသင်္ကြန် မိုးကုတ်ဝိပဿနာခုနစ်ရက် အထူးတရားစခန်းပွဲတွင် ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေ နိုင်ငံတော် ပရိယတ္တိသာသနတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ ဆရာတော်ကြီးနှင့် အရှင်ဝရသာမိ မိုးကုတ်ဓမ္မကထိက ခေမာသီရိကျောင်းတောင်ဒဂုံအရှင်မြတ်တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်သစ္စာတရားတော်များအား ဟောကြားပြသမည်ဖြစ်ပါ၍ တရားဝင်ယောဂီများ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

## တိမ်အသင့်အတင့်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

**ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်အဖြစ် မတ် ၁၃ ရက်က သန့်ရှင်းရေးဆောင်ရွက်ကြရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းတို့ ကြီးကြပ်ပေးစဉ်။** (က-ပ)

## ကလေးပန်းချီပြပွဲ လောကနတ်ခန်းမ၌ခင်းကျင်းပြသ

**ရန်ကုန် မတ် ၁၆**

ပန်းချီဆရာမဒေါ်ချောအိသိမ်းစီစဉ်မှုဖြင့် We are The Future Children အမည်ရှိ ကလေးပန်းချီပြပွဲကို ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်းရှိ လောကနတ်အနုပညာခန်းမ၌ မတ် ၁၄ ရက်မှ ၂၀ ရက်အထိ နေ့စဉ်နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသလျက်ရှိသည်။

ပြပွဲတွင် အသက် ၄ နှစ်မှ ၁၆ နှစ်အတွင်းရှိ မြန်မာကလေး ၂၀၀ကျော်နှင့် ကမ္ဘောဒီးယားကလေး ၈၀ တို့၏ ရေဆေး၊ ရောင်စုံခဲ၊ ဖယောင်းတို့ဖြင့် ရေးဆွဲထားသည့် ပန်းချီကား ၂၀၀ကျော်တို့ကို ပြသထားသည်။ (ကြေးမုံ)

**မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်**

# မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

# ကြက်ငှက်တုပ်ကွေးရောဂါ ဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ **ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုများ**

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှလူသို့ ကူးစက်နိုင်သောရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ ၁၄ နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ ၃၀ စုစုပေါင်း ၄၄နိုင်ငံတွင် ပြန့်နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ **မြန်မာနိုင်ငံ၏ အခြေအနေ**

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှု အချို့ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှတစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

၃။ **လက်ရှိဆောင်ရွက်နေမှု**

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါမြို့နယ် လေးမြို့နယ်တွင် တားမြစ်ဇရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများ ပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၄။ **ကြက်များတွင်ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ**

(က) ကြက်ငှက်များရုတ်တရက် သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက် အပျောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ်သေဆုံးနိုင်ခြင်း။

၅။ **ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်**

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိချင်း နီးစပ်ရာဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှုဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်း (လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင် ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှုမပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက် အတူထားရှိ မွေးမြူမှုမပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးသူငယ်များအား ဝင်ရောက်မှုမပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်း ဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်း ဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ တိရစ္ဆာန် ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**

## ဘုရားဖြူစာပြန်ပွဲ ဆုနှင်းသဘင်ကျင်းပမည်

**ရန်ကုန် မတ် ၁၆**

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းမှကြီးမှူးကျင်းပသော (၇၄) ကြိမ်မြောက် ဘုရားဖြူ ဝိနည်းစာပြန်ပွဲ ဆုနှင်းသဘင်အခမ်းအနားကို ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ မတ် ၁၉ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် စာချတန်း၊ အကြီးတန်း၊ အငယ်တန်း၊ မူလတန်း စာအောင်သံဃာအပါး ၂၂၀ တို့အား အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်မည်ဖြစ်ရာ အလှူရှင်များ၊ အသင်းဝင်များ၊ ဧည့်သည်တော်များအား ကြွရောက်ကြည်ညိုကုသိုလ် ယူကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)



**ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနေ ဦးမောင်မောင်ခင်-ဒေါ်ခင်ညို(၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့အထိမ်းအမှတ် ဒဂုံမြို့နယ်အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး ဘုရားခန်းအတွက် အလှူတော်ငွေကျပ် သိန်း ၁၀၀ကို တိပိဋကဓရ ဆရာတော်များရှေ့တွင် ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ ဆင်မင်း ဦးတင်ရွှေနှင့် ဒုတိယဥက္ကဋ္ဌ ဆရာဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## သကြန်တွင်း တရားစခန်းကျင်းပမည်

**ရန်ကုန် မတ် ၁၆**

မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့်မြတ်တရားတော်များကို ကျေးဇူးရှင် ဇေတဝန်မူလမင်းကွန်း ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သာကေတမြို့နယ် (၉) ရပ်ကွက် နဝရတ်ပတ်လမ်းရှိ မူလ မင်းကွန်းဓမ္မရိပ်သာကျောင်းတိုက်၌ ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ လာရောက် တရားအားထုတ်နိုင်ကြောင်းနှင့် ဖုန်း-၅၄၇၂၈၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)




(17-3)03.P65 1 32/5/1, 1:19 PM



ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့တွင် ပြုလုပ်သည့် ကမ္ဘာ့အကြီးဆုံး နည်းပညာဆိုင်ရာပြပွဲ၌ ပြသထားသော အဝေးထိန်းစက်ရုပ်နှစ်ရုပ်ကို မတ် ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အီရတ်တွင် အမေရိကန်တစ်ဦး လက်နက်များဖြင့် ဖမ်းမိ

**ဘဂ္ဂဒက် မတ် ၁၅**

လုံခြုံရေးကန်ထရိုက်ဝန်ထမ်းတစ်ဦးဖြစ်သည့် အမေရိကန်နိုင်ငံသားတစ်ဦးအား ၎င်း၏ မော်တော်ယာဉ် အတွင်း လက်နက်များယူဆောင်လာမှုဖြင့် အီရတ်ရဲတပ်ဖွဲ့က အီရတ်နိုင်ငံ မြောက်ပိုင်းဒေသတွင် ဖမ်းဆီးလိုက်ကြောင်း ပြည်နယ်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ အဆိုပါ အမေရိကန်နိုင်ငံသားကို ဆက်ဒမ်ဟူစိန်၏ မွေးရပ်မြေ တီကရစ်တွင် တနင်္လာနေ့တွင် ရဲတပ်ဖွဲ့က ဖမ်းဆီးခြင်းဖြစ်ကြောင်း။

**ဖမ်းဆီးခဲ့**

၎င်းသည် ပုဂ္ဂလိကကုမ္ပဏီတစ်ခုမှ လုံခြုံရေးကန်ထရိုက် အလုပ်သမားတစ်ဦးဖြစ်ပြီး ၎င်း၏မော်တော်ယာဉ်အတွင်း ပေါက်ကွဲစေတတ်သောပစ္စည်းများ ယူဆောင်လာခဲ့ကြောင်း၊ ၎င်းကို အင်္ဂါနေ့တွင် ဖမ်းဆီးခဲ့ကြောင်း တီကရစ်ရှိ အမေရိကန် နှင့် အီရတ်စစ်ဘက် ပူးတွဲညှိနှိုင်းရေးဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***




ဩစတြေးလျနိုင်ငံလေတပ်အတွက် ဝယ်ယူထားသော အက်ဖ်-၃၅ ဂျက် တိုက်လေယာဉ်များအနက်လေယာဉ်တစ်စင်းကို မတ် ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# လူလေးဦး သတ်ဖြတ်မှုဖြင့် စွပ်စွဲခံရသူ ဗြိတိန်နိုင်ငံသား ရုံးသို့ လာရောက်အစစ်ဆေးခံ

**လန်ဒန် မတ် ၁၅**

ကလေးသုံးဦး၊ ၎င်းတို့ မိခင်၏ အဖော်တို့ကို သတ်ဖြတ်ခဲ့သည့် ပြစ်မှုများဖြင့် စွပ်စွဲခံထားရသည့် အသက် (၃၃) နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးကို မြောက်စတက်ဖို့ဒ်ယား တရားရုံးတွင် အင်္ဂါနေ့က ရုံးထုတ်ခဲ့သည်။ အသတ်ခံရသူများမှာ အင်္ဂလန်နိုင်ငံ အလယ်ပိုင်းဒေသတွင် မီးရှို့ခံရသော နေအိမ်အတွင်း သေဆုံးခဲ့ခြင်းဖြစ်သည်။

ဖော်ပြပါ အမျိုးသားသည် မတ်တယ်ရီဂိုးစထရော့ဖြစ်ပြီး လိစ်ဒေသမှ ဖြစ်သည်။ ၎င်းသည် မြောက်စတက်ဖို့ဒ်ရှိုင်းယား တရားရုံးသို့ လာရောက်ကာ နှစ်မိနစ်ကြာ အစစ်ဆေးခံသွားသည်။ ၎င်းကို တရားရုံးက ရမန်ပေးကာ ချုပ်ထားသည်။

၎င်းသည် အသက် ၁၆ နှစ်အရွယ်ရှိ ဆမ်မန်သာကာတာ၊ အသက် ၁၀ နှစ်အရွယ်ရှိ ၎င်း၏ညီမ ပက်ထရစ်ရှာ၊ အသက် ခုနစ်နှစ်ရှိ အာရိမာကတ်စ်၊ ၎င်းတို့၏မိခင် အဖော် ရီဒါရစ်ဟိုင်းတို့ကိုသတ်ဖြတ်မှုဖြင့် စွပ်စွဲခံထားရသူဖြစ်သည်။

၎င်းတို့အားလုံးသည် စတက်ဖို့ဒ်ရှိုင်းယား၊ လိစ်ဒေသအနီး ချက်ဒယ်တန်မြို့ရှိ အိမ်မီးလောင်ရာတွင် သေဆုံးခဲ့ကြပြီး မီးရှို့ကာ အသတ်ခံရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

# အီရန် နျူကလီးယားကိစ္စ ရုရှားနှင့် ဆက်လက်ဆွေးနွေးရန် တရုတ်က တိုက်တွန်း ပြောကြား

ပေကျင်း မတ် ၁၅

**အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ကြားဝင်စေ့စပ်ပေးရန် ရည်ရွယ်သည့်အနေဖြင့် အီရန်နိုင်ငံသည် ရုရှားနှင့် ဆက်လက်ဆွေးနွေးပွဲများ ပြုလုပ်သွားသင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် တိုက်တွန်းပြောကြားသည်။**

အနောက်အုပ်စု အင်အားကြီးနိုင်ငံများနှင့် အဆက်မပြတ်ထိပ်တိုက် တွေ့နေသည့် အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို ညှိနှိုင်းကာ ဖြေရှင်းနိုင်သည့် အခြေအနေ ယခုတိုင်ရှိနေသေးသည်ဟု ၎င်းပြောရေးဆိုခွင့်ရှိသူက ဆက်လက် ပြောကြားသည်။

သက်ဆိုင်သည့် အားလုံးသော နိုင်ငံများအနေဖြင့် သံတမန်နည်းလမ်းဖြင့် အရှိန်မြှင့် ကြိုးပမ်းသင့်ကြကြောင်း၊ အီရန်အနေဖြင့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်ပြီး ညှိနှိုင်းဖြေရှင်းပေးနိုင်မည့် အခြေအနေများ ဖြစ်ထွန်းစေရန်အတွက် ယုံကြည်မှုတည်ဆောက်ရေး အစီအစဉ်များ ချမှတ်ဖော်ဆောင်ရန် လိုအပ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ကင်ဂန်က ပေကျင်းတွင် ပြုလုပ်သည့် ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

၎င်းက ကုလသမဂ္ဂ နျူကလီးယား စောင့်ကြည့်လေ့လာရေးအဖွဲ့ဖြစ်သည့် အိုင်အေအီးအေကို ရည်ညွှန်းပြောကြားခြင်းဖြစ်သည်။ အီရန်နိုင်ငံနှင့် ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ညှိနှိုင်းရေးဆွေးနွေးခဲ့ရာတွင် အီရန်၏ ပြုမူပြောဆိုပုံတို့အပေါ် အလွန်တရာ စိတ်ပျက်မိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ က တနင်္လာနေ့တွင် ပြောကြားသည်။ အီရန်နှင့် အခြား အင်အားကြီးနိုင်ငံများ အနေဖြင့် သံတမန်နည်းလမ်းအရ စေ့စပ်ဖြေရှင်းနိုင်မည့်လမ်းစဉ်ကို ရှာကြံသင့်သည်ဟု ဖော်ပြပါ ပြောရေးဆိုခွင့်ရှိသူ ကင်ဂန်က တရုတ်နိုင်ငံ၏ ရပ်တည်ချက်ကို ထပ်မံပြောကြားလိုက် သည်။ ***အမ်အင်အေ၊ရိုက်တာ။***




# အီသီယိုးပီးယား၌ စိုက်ပျိုးရေးထွက်ကုန်တင်ပို့မှု ဝင်ငွေ ပိုမိုရရှိ

**အဒစ္စအာဘာဘာ မတ် ၁၅**

အီသီယိုးပီးယားနိုင်ငံသည် ၂၀၀၅ခုနှစ် ဇူလိုင်လမှစ၍ ရှစ်လတာကာလအတွင်း ကော်ဖီ၊ လက်ဖက်၊ ဟင်းခတ်အမွှေးအကြိုင်များနှင့် ချည်တင်ပို့မှုများမှ အမေရိကန် ဒေါ်လာ ၁၃၁သန်းကျော် ရရှိခဲ့သည်ဟု အီသီယိုးပီးယားနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက မတ် ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သော ရှစ်လတာကာလအတွင်း စိုက်ပျိုးရေးထွက်ကုန် တန်ချိန် ၆၂၄၄၀ ခန့်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း အဆိုပါ ဝန်ကြီးဌာနမှအထက်တန်း တာဝန်ရှိသူ ဘာဘာနဂီဇာဟန်က သတင်းထောက်များကို ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



နာဆာအာကာသယာဉ် လွှတ်တင်ရေးအဖွဲ့က လွှတ်တင်ရန်နှောင့်နှေးနေရသော လွန်းပြန်ယာဉ်ကို မတ် ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အင်ပါယာမဂ္ဂဇင်းကပေးသည့် အကောင်းဆုံးဆု ကင်းကောင်ရုပ်ရှင်ဇာတ်ကား ဆွတ်ခူးရရှိ

**လန်ဒန် မတ် ၁၅**

ဟော်လိဝုဒ်က ထုတ်လုပ်သော လူကြိုက်များသည့် ကင်းကောင်အမည်ရှိ ရုပ်ရှင်ကားကို အင်ပါယာမဂ္ဂဇင်းက အကောင်းဆုံးရုပ်ရှင်ဆုအဖြစ် သတ်မှတ်ပေးလိုက်သည်။

ကင်းကောင်ကြီး၏ မေတ္တာနှလုံးသားကို ဖော်ကျူးရိုက်ကူးထားသည့် အဆိုပါဂန္ထဝင်ရုပ်ရှင်ကားက အော်စကာဆုများ ချိတ်သွားသည့် "ခရက်ရှ်"၊ "ဆင်းစီတီ"၊ "ဝါအော့ဖ်သည်လော့ဒ်"၊ "စတားဝါးစ် အက်ပီဆုပ် အပိုင်း-၂" ရုပ်ရှင်ကားများကို ကျော်ဖြတ်ကာ အင်ပါယာ မဂ္ဂဇင်းက ပေးသည့် အကောင်းဆုံးရုပ်ရှင်ဆုကို ရရှိခြင်းဖြစ်သည်။

ကင်းကောင်ရုပ်ရှင်သည်မေတ္တာတရားကြီးမားပုံနှင့် ခံစားမှုဝေဒနာကို အခြေခံဖော်ကျူးရိုက်ကူးထားသည့် ရုပ်ရှင်ဖြစ်ပြီး ဇာတ်ညွှန်းမှာ အနုပညာမြောက်လှကြောင်း၊ ယင်းရုပ်ရှင်ကား ရိုက်ကူးရာတွင် အမေရိကန်ဒေါ်လာသန်း ၂၇၀ ကုန်ခဲ့ကြောင်း ကင်းကောင်ရုပ်ရှင် သရုပ်ဆောင် မင်းသားဖြစ်သူ အင်ဒီဆာကစ်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***



အင်ဒိုနီးရှားသမ္မတ၏ အထူးလုံခြုံရေးတပ်ဖွဲ့ ဖွဲ့စည်းသည့် နှစ် (၆၀)ပြည့် အခမ်းအနားအတွက် လေ့ကျင့်နေကြသော တပ်ဖွဲ့ဝင်များကို မတ် ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အီသီယိုးပီးယား လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အမေရိကန်၏ အစီရင်ခံစာ လုံးဝအခြေအမြစ်မရှိကြောင်း အီသီယိုးပီးယား ပြောကြား

**အဒစ်အဘာဘာ မတ် ၁၅**

အီသီယိုးပီးယားနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများအပေါ် သုံးသပ်ထားသည့် အမေရိကန်အစိုးရ၏ အစီရင်ခံစာသည် တစ်ဆင့်စကားများဖြင့် ပြည့်နှက်နေကြောင်း အီသီယိုးပီးယားအစိုးရက တနင်္လာနေ့တွင် ပြောကြားသည်။

အီသီယိုးပီးယားနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများအပေါ် အမေရိကန်အစိုးရ၏ စွပ်စွဲချက်များသည် လုံးဝအခြေအမြစ်မရှိဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီသီယိုးပီးယားနိုင်ငံ၏ အခြေခံဖွဲ့စည်းပုံဥပဒေတွင် ပြဋ္ဌာန်းထားသည့် လူ့အခွင့်အရေးများကို အီသီယိုးပီးယားအစိုးရက အထူးလေးစားလိုက်နာမှုရှိသည်ဟု အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အီသီယိုးပီးယားအစိုးရက အစိုးရအဖွဲ့၊ အခြားအဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံးကို လူ့အခွင့်အရေးနှင့် ပတ်သက်သည့် စည်းမျဉ်းများအား လက်တွေ့လိုက်နာကျင့်သုံးရန် စည်းရုံးထားသည်ဟု အစီရင်ခံစာတွင် ပါရှိသည်။

အတိုက်အခံပါတီများက ဖော်ဆောင်နေသည့် ကြောက်မက်ဖွယ်ကောင်းသည့် မဟာဗျူဟာအစီအစဉ်များကြောင့် ပေါ်ထွက်လာနိုင်ဖွယ်ရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ နည်းနိုင်သမျှနည်းပါးစေရန် အီသီယိုးပီးယားအစိုးရက ဆောင်ရွက်နေသည်ဟု ဆိုသည်။ အတိုက်အခံပါတီများက နှိုးဆွသည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ၏ အသက်များဆုံးရှုံးခဲ့ရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



အမေရိကန်နိုင်ငံ ဗဟိုတရားရုံးချုပ်ရှေ့တွင် အီရတ်ရှိ အဘူဂါရိတ်အကျဉ်းထောင်၌ အကျဉ်းသားများအား လူ့အခွင့်အရေးချိုးဖောက်ကာ နှိပ်စက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ဆန္ဒပြနေသည်ကို မတ် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)




# ဗြိစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ ဇင်ဘာဘွေ၌ မကြာမီ ထုတ်ယူနိုင်မည်

**ဟာရာရေး မတ် ၁၅**

ဇင်ဘာဘွေနိုင်ငံတွင် ဂျထရိုပါခေါ်အပင်မှ အချိန်တိုအတွင်း ဇီဝဒီဇယ်ထုတ်ယူရန် လုပ်ဆောင်လျက်ရှိကြောင်း ဇင်ဘာဘွေနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီး အိုလီဗီယာမူချီနာ၏ ပြောကြားချက်ကို ဒေသဆိုင်ရာသတင်းဌာနက မတ် ၁၄ ရက်တွင် ဖော်ပြခဲ့သည်။

ဂျထရိုပါအပင်သည် ဆီအများဆုံးပါဝင်သော အပင်အမျိုးအစားတွင် ပါဝင်ကြောင်း၊ အဆိုပါအပင်တွင် ဆီပါဝင်နှုန်းထားသည် ၅၀ ရာခိုင်နှုန်းရှိကြောင်း၊ ပဲပုပ်ပဲနှင့် နေကြာပင်တို့၏ ဆီပါဝင်နှုန်းထားနှင့်စာလျှင် ၁၂ ရာခိုင်နှုန်းမျှသာ လျော့နည်းကြောင်း ၎င်းက ပြောကြားသည်။

လေ့လာတွေ့ရှိချက်အရ ထိုအပင်မှ ဇီဝဒီဇယ်ထုတ်လုပ်ရန် အလားအလာကောင်းသည်ကို ဝန်ကြီးအဖွဲ့က ထောက်ခံခွင့်ပြုထားသည်။ ထိုကိစ္စကို အကောင်အထည်ဖော်ရန် အခြားသော အချက်အလက်များအပါအဝင် ဘတ်ဂျက်နှင့် လူသားအရင်းအမြစ်များ ရရှိရန်လိုအပ်ကြောင်း ၎င်းက ပြောဆိုခဲ့သည်။

ဇင်ဘာဘွေနိုင်ငံ၌ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် အားနည်းနေသည့်အတွက် နည်းပညာဆိုင်ရာ တိုးတက်ရေးဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်နေသည်ဟု ၎င်းက ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဘုရှ်ကို ထောက်ခံမှုနှုန်းကျဆင်းနေဟု စစ်တမ်းကောက်ယူချက်တွင် ဖော်ပြ

ဝါရှင်တန် မတ် ၁၅

**အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်အား ထောက်ခံမှုနှုန်းထားများကို သိရှိရန် စစ်တမ်းသစ်တစ်ရပ်ကောက်ယူခဲ့ရာ သမ္မတသက်တမ်းတစ်လျှောက်တွင် ထောက်ခံမှုအနည်းဆုံးအဆင့်တွင် ရောက်ရှိနေသည်ဟု မတ် ၁၃ ရက်တွင် ထုတ်ပြန်သည့် စစ်တမ်းကောက်ယူချက်တွင် ဖော်ပြထားသည်။**

အမေရိကန်သမ္မတ၏ လုပ်ဆောင်ချက်များကို ထောက်ခံသူသည် ၃၆ ရာခိုင်နှုန်းသာရှိပြီး အမေရိကန်နိုင်ငံသား ၆၀ ရာခိုင်နှုန်းသည် ၎င်း၏ လုပ်ဆောင်ချက်ကို မထောက်ခံသူများဖြစ်ကြောင်း စီအန်အင်န်သတင်းဌာန၊ ယူအက်စ်အေတူဒေးနှင့် ဂေါလ်လပ်စစ်တမ်းဌာနတို့က ပြုစုသော စစ်တမ်းကောက်ယူချက်တွင် ဆိုထားသည်။

ဖေဖော်ဝါရီလနှောင်းပိုင်းနှင့် မတ်လအစောပိုင်း၌ ကောက်ယူခဲ့သော စစ်တမ်းထက် ယခုကောက်ယူခဲ့သော စစ်တမ်းတွင် သမ္မတကို ထောက်ခံသူဦးရေ နှစ်ရာခိုင်နှုန်းမျှ ပိုမိုကျဆင်းသွားသည်။

အီရတ်စစ်ပွဲဖြစ်ပွားခြင်းသည်မှားယွင်းသော လုပ်ရပ်ဟု ယူဆသူဦးရေသည် ၅၇ ရာခိုင်နှုန်း၊ စစ်ပွဲဖြစ်ပွားရခြင်းသည် အကျိုးရှိမည်မဟုတ်ဟု ယူဆသူသည် ၅၀ ရာခိုင်နှုန်းရှိသည်။ အီရတ်နိုင်ငံ၏ အခြေအနေကို ရှင်းလင်းစွာ ကိုင်တွယ်ဖြေရှင်းနိုင်သော အစီအစဉ်လည်း သမ္မတတွင် မရှိဟု ပြောကြားသူ ၆၇ ရာခိုင်နှုန်းရှိကြောင်း စစ်တမ်းကောက်ယူချက်များအရ သိရှိရသည်။ သောကြာနေ့နှောင်းပိုင်းနှင့် စနေနေ့တို့တွင် အရွယ်ရောက်သူ ၁၀၀၁ ဦးကို စစ်တမ်းကောက်ယူခဲ့ရာ အထက်ပါအဖြေကို ရရှိခြင်းဖြစ်သည်။ အဆိုပါ စစ်တမ်းကောက်ယူခဲ့ရာတွင် ကွဲလွဲနိုင်သည့် အတိမ်းအစောင်းပမာဏမှာ သုံးရာခိုင်နှုန်းမျှရှိသည်။

အလားတူ စစ်တမ်းမျိုး ယခုလအစောပိုင်းကလည်း ဝါရှင်တန်ပို့စ်သတင်းစာနှင့် အေဘီစီသတင်းဌာနတို့က ကောက်ယူခဲ့ကြသည်။ ထိုကောက်ယူခဲ့သော စစ်တမ်းတွင် ဘုရှ်ကို ထောက်ခံသူ ၄၁ ရာခိုင်နှုန်းရှိပြီး မထောက်ခံသူဦးရေမှာ အမေရိကန်နိုင်ငံသား ၁၀ဦးလျှင် ခြောက်ဦးရှိသည်ဟု ဖော်ပြခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**ဩစတြေးလျနိုင်ငံတွင် ကျင်းပနေသော ဓနသဟာယအဖွဲ့ဝင်နိုင်ငံများ၏ အားကစားပြိုင်ပွဲ၌ သေနတ်ပစ်ပြိုင်ပွဲဝင်နေသော အိန္ဒိယအားကစားမယ်တစ်ဦးကို မတ် ၁၄ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)



# တရုတ်နှင့် အိန္ဒိယဆက်ဆံရေး သမိုင်းတစ်ခေတ်တွင်မည်ဟု တရုတ်ဝန်ကြီးချုပ် ပြောကြား

ပေကျင်း မတ် ၁၅

**တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ဆက်ဆံရေးနှင့် စပ်လျဉ်း၍ အလွန်အမင်းတန်ဖိုးထားကြောင်း အင်္ဂါနေ့က ပြောကြားပြီး နှစ်နိုင်ငံ ခိုင်မာသည့် ဆက်ဆံမှုသည် စစ်မှန်သည့်အာရှရာစုသစ်တွင် ကဏ္ဍသစ်ဖွင့်လှစ်ပေးလိုက်သည့် ရှေ့ပြေးလက္ခဏာတစ်ရပ်ပင်ဖြစ်ကြောင်း ပြောကြားသည်။**

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် ဧကန်အားဖြင့် ခိုင်မာတောင့်တင်းသည့် နိုင်ငံများဖြစ်ပြီး စွမ်းပကားအသုံးချကာ အကျိုးဖြစ်ထွန်းစေရန် အပြည့်အဝဆောင်ကြဉ်းနိုင်သည့် နိုင်ငံများလည်းဖြစ်သဖြင့် အာရှရာစုသစ်တွင် ကဏ္ဍသစ်တစ်ရပ်အဖြစ် ဖွင့်လှစ်ပေးနိုင်မည်ဖြစ်သည်ဟု သတင်းစာရှင်းလင်းပွဲတွင် ဝမ်ကြားပေါင်က ဆက်လက်ပြောကြားသည်။

အိန္ဒိယနိုင်ငံသို့ လွန်ခဲ့သည့်နှစ်က သွားရောက်ခဲ့သည့် အလည်အပတ်ခရီးစဉ်သည် အောင်မြင်မှုရှိကြောင်း ဝမ်ကြားပေါင်က ပြန်ပြောင်းပြောကြားပြီး နှစ်နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ချမ်းသာကြွယ်ဝရေးအတွက် မဟာဗျူဟာမြောက်သည့် မိတ်ဖက်နိုင်ငံအဖြစ် ရောက်ရှိခဲ့ကြောင်း၊ နယ်စပ်ပြဿနာနှင့် စပ်လျဉ်း၍ ဖြေရှင်းနိုင်မည့် လမ်းညွှန်နိုင်ငံရေး မူဝါဒတစ်ရပ်ကိုလက်မှတ်ရေးထိုးခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ ငါးနှစ်ကြာ အစီအစဉ်ကို ချမှတ်ခဲ့ကြောင်းကိုလည်း ပြောကြားသည်။ ယခုနှစ်သည် တရုတ်နှင့်အိန္ဒိယ နိုင်ငံတို့၏ ချစ်ကြည်ရေးနှစ်အဖြစ် သတ်မှတ်လိုကြောင်း ၎င်းက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**ဂျပန်နိုင်ငံ ဟီတာချီကုမ္ပဏီမှ ထုတ်လုပ်သော ဒီဂျစ်တယ်ကမ်ကော်ဒါ ဒီဗီဒီကင်မရာကို တိုကျို၌ မတ် ၁၄ ရက်က ပြသထားစဉ်။**

(ဓာတ်ပုံ–အင်တာနက်)



# အင်ဒိုနီးရှား၌ ပြည်တွင်းကားရောင်းချရမှု ဖေဖော်ဝါရီလတွင် ၄၃ ရာခိုင်နှုန်းကျဆင်း

**ဂျကာတာ မတ် ၁၅**

အင်ဒိုနီးရှားနိုင်ငံတွင် ဖေဖော်ဝါရီလ၌ မော်တော်ကားရောင်းချရမှုသည် ယမန်နှစ် အလားတူကာလကထက် ၄၃ ဒသမ ၂၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ကုန်တင်ကားများ ဝယ်လိုအားသည် လျော့နည်းသွားသည့်အတွက်ကြောင့်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းစာက မတ် ၁၄ ရက်တွင် ရေးသားသည်။

ယမန်နှစ် ဖေဖော်ဝါရီလက ကားစီးရေ ၄၅၇၁၈ စီး ရောင်းချခဲ့ရာမှ ယခုနှစ် အလားတူကာလတွင် ကားစီးရေ ၂၅၉၅၄ စီးသာ ရောင်းချရသည်ဟု အင်ဒိုနီးရှားနိုင်ငံ၏ အကြီးစားမော်တော်ကားကုမ္ပဏီ ပီတီအက်စ်ထရာအင်တာနေရှင်နယ်၏ စာရင်းများကို ကိုးကား၍ ဘစ္စနက်အင်ဒိုနီးရှားသတင်းစာက ဖော်ပြသည်။

သုံးနှစ်တာကာလအတွင်း၌ ယခုနှစ် ဖေဖော်ဝါရီလမှာ ကားရောင်းချရမှုနှုန်း အနည်းဆုံးဖြစ်ပြီး ဇန်နဝါရီလရောင်းချနှုန်းထက် ၂ ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။ ဇန်နဝါရီလတွင် ကားအစီးရေ ၂၆၆၁၂ စီး ရောင်းချရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ကုသနှိမ်နင်းရေးလုပ်ငန်း ဗာတ်တိုက်လေ့ကျင့်ခြင်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၆

**ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနက ဆောင်ရွက်သည့် လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ကုသနှိမ်နင်းရေးလုပ်ငန်း ဗာတ်တိုက်လေ့ကျင့်ခြင်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အရှေ့ဈေးလမ်းရှိ ကျန်းမာရေး ဝန်ထမ်းသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားတွင် လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ကုသနှိမ်နင်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံအနေဖြင့် လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ကုသနှိမ်နင်းရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းထားရှိပြီး လူတွင်ဖြစ်ပွား တတ်သော ကြက်ငှက် တုပ်ကွေးရောဂါ ကာကွယ်ကုသနှိမ်နင်းရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ရမည့် အသေးစိတ်အချက်အလက်များ ပါဝင်သော လမ်းညွှန်လက်စွဲစာအုပ်များကို ထုတ်ဝေထားရှိပြီးဖြစ်၍ လက်တွေ့အသုံးချ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါသည် ယခုအခါ ရောဂါဖြစ်ပွားသော နိုင်ငံများ၌ တိရစ္ဆာန်မှ တိရစ္ဆာန်သို့လည်းကောင်း၊ တိရစ္ဆာန်မှလူသို့လည်းကောင်း ကူးစက်မှုရှိနေကြောင်း၊ လူမှလူသို့ ရောဂါကူးစက်မှုမရှိသေးကြောင်း၊ လူတွင်ဖြစ်ပွားနိုင်သော ကြက်ငှက်တုပ်ကွေးရောဂါကာကွယ် ကုသနှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်မှုကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ကမ္ဘာပေါ်တွင် ဖြစ်ပွားခဲ့သော လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများကို လေ့လာသုံးသပ်မှုအရ ရောဂါဖြစ်ပွားပါက သေဆုံးမှုနှုန်း မြင့်မားမှုရှိသည်ကို တွေ့ရှိရသဖြင့် အထူးအလေးထား ဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

ကြက်မှတစ်ဆင့် လူသို့ ရောဂါကူးစက်မှု မရှိစေရေးအတွက် ရောဂါကာကွယ်ရေးဝတ်စုံများကို အသုံးပြုဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

ရောဂါ ကူးစက်ပြန့်ပွားနိုင်သော အခြေအနေများကို လစ်ဟင်းမှုမရှိစေရန် အသေးစိတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် ရောဂါဝင်ရောက်ကူးစက်မှုမရှိစေရန် ဆောင်ရွက်သွားရန် တာဝန်ရှိကြောင်း၊ ယခုလေ့ကျင့်ခြင်း သင်တန်းကို မိမိတို့၏ ပြည်နယ်နှင့် တိုင်းဒေသများ၌ ဆင့်ပွားသင်တန်းပို့ချရန်၊ ဌာနဆိုင်ရာ အချင်းချင်းပူးပေါင်းဆောင်ရွက်၍ ဦးဆောင်ရန်၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူတစ်ရပ်လုံး ပါဝင်ဆောင်ရွက်လာစေရန် လိုအပ်ကြောင်း၊ ရောဂါဖြစ်ပွားမှုရှိလာပါက အမှန်ကန်ဆုံး သတင်းကို အမြန်ဆုံးတာဝန်ရှိသူအဆင့်ဆင့်အား သတင်းပို့အစီရင်ခံရန် အရေးကြီးကြောင်းဖြင့် ပြောကြားသည်။

ဖွင့်ပွဲအပြီးတွင် လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ကုသနှိမ်နင်းရေး လုပ်ငန်း ဗာတ်တိုက်လေ့ကျင့်ခြင်းသင်တန်းကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်သည်။

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ် ကုသနှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် လက်ရှိကြက်ငှက်တုပ်ကွေးရောဂါ၏ ကြက်များတွင်ဖြစ်ပွားနေမှု ဒေသအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဒေါက်တာကျော်မိုးက လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး ဝတ်စုံဝတ်ဆင်သရုပ်ပြမှုကို လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာတင်ညွှန့်က လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ရေး၌ လက်ဆေးခြင်းသည် အထူးအရေးကြီးကြောင်းကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး (ကူးစက်) ဒေါက်တာစိုးလွင်ငြိမ်းက ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကူးစက်မှုထိန်းချုပ်သည့် ဝတ်စုံများကို လည်းကောင်း လက်တွေ့သင်တန်း ပို့ချကြသည်။ အဆိုပါသင်တန်းကို မတ် ၁၉ရက် အထိ ပို့ချသွားမည်ဖြစ်သည်။

(သတင်းစဉ်)



ရန်ကုန်တိုင်း သာကေတမြို့နယ် ၇–အရှေ့ရပ်ကွက် အောင်သီရိလမ်းနေ ဦးဇော်ဝင်း (အငြိမ်းစားအမှုဆောင်အရာရှိ M.O.G.E) –ဒေါ်မာမာနွယ်၊ သားသမီး၊ မြေးမိသားစုက ဆူးလေစေတီတော်ရွှေသင်္ကန်းကပ်လှူရန် အလှူငွေကျပ်တစ်သိန်းကို ဂေါပကအဖွဲ့ဝင် ဦးကြိုင်မြင့်နှင့် ဦးမျိုးခင်တို့ထံ လှူဒါန်းစဉ်။ (ကြေးမုံ)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် မိသားစုစကားဝိုင်း ပြုလုပ်

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်သည် လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်ခင်မေစိုး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ပါမောက္ခ ဒေါ်ဌေးဌေး၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲဝင်များနှင့်အတူ ယမန်နေ့တွင် ရန်ကုန် မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တိုးချဲ့ရပ်ကွက် ရွှေကြက်ယက် ဘုရားမွှာရုံ၌ မင်္ဂလာဒုံ စက်မှုဇုန်မှ စက်ရုံအမျိုးသမီးအလုပ်သမား ၁၈၃ ဦးတို့နှင့် တွေ့ဆုံကာ မိသားစုအသွင် စကားဝိုင်းဖြင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

အဆိုပါ စကားဝိုင်းသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် မင်္ဂလာဒုံမြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်က လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများနှင့် ဥပဒေရေးရာများကိုလည်းကောင်း၊ ပါမောက္ခ ဒေါ်ဌေးဌေးက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း ဟောပြောကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)



**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်နှင့် အဖွဲ့ဝင်များ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် တိုးချဲ့ရပ်ကွက် ရွှေကြက်ယက် ဘုရား မွှာရုံတွင် မင်္ဂလာဒုံစက်မှုဇုန်မှ စက်ရုံအမျိုးသမီးအလုပ်သမားများနှင့် မိသားစုအသွင် စကားဝိုင်းဖွဲ့၍ ရင်းရင်းနှီးနှီးတွေ့ဆုံကြစဉ်။** (အမျိုးသမီးရေးရာ)

## ထောက်ကြန့်ကျောင်း သကြ် န်တရားစခန်းနှင့်ရဟန်းခံပွဲ

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုပ္ပားကျောင်း ပဓာနနာယက ဘဒ္ဒန္တပဏ္ဍိစ္စ (မဟာသဒ္ဓမ္မဇောတိကဓဇ)ကြီးမှူး၍ ဧပြီ ၁၀ ရက်မှ ၁၇ ရက်အထိ သင်္ကြန်တွင်း ဒုလ္လဘရဟန်းခံပွဲ၊ သိက္ခာကံထပ်ပွဲ၊ သီလရှင်ဝတ်ပွဲ၊ မဟာသတိပဋ္ဌာန် ဝိပဿနာတရားစခန်းပွဲကို ဖွင့်လှစ်ကျင်းပမည်ဖြစ်သည်။

ဒုလ္လဘရဟန်းခံလိုသူများ ဧပြီ ၁၀ ရက် သိမ်ဝင်ရမည်ဖြစ်ပြီး တရားစခန်းဝင်ယောဂီများ ဧပြီ ၁၁ ရက် မွန်းတည့် ၁၂ နာရီ အရောက်လာကြရမည်။ အရုဏ်ဆွမ်းတစ်ရက် ကျပ် ၂၀၀၀၀၊ နေ့ဆွမ်းတစ်ရက်ကျပ် ၃၀၀၀၀ နှင့် အချိုပွဲတစ်ရက် ကျပ် ၁၀၀၀၀ ဖြင့် ဖုန်း–၆၀၀၀၂၈ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

**ရန်ကုန်မြို့ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် ကွမ်းအပ်သား မင်းသားလမ်းနှင့် ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်းထောင့်၊ အမှတ်–၉(က) စက်မှုဇုန်(၁)ရှိ ဖြူးတီးခေါင်းလျှော်ရည် (ရွှေတီးကုမ္ပဏီ)က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အထွေထွေပဒေသာပင်အတွက် ငွေကျပ်သုံးသိန်း ငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)

## အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါဆေးဝါးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများမှာ အရည်အသွေးအာမခံချက်မရှိပါကြောင်း အသိပေးအပ်ပါသည်။

| စဉ် | ဆေးအမည် | ထုတ်လုပ်သည့်ကုမ္ပဏီအမည် | နိုင်ငံ |
|---|---|---|---|
| ၁။ | Moriamin Capsule | New Life Pharma Co.,Ltd. | Thailand |
| ၂။ | Anapromine Syrup(6oml) | Siam Medicare Co.,Ltd. | Thailand |
| ၃။ | Nivagin Tablet | T.P Drug Laboratories (1969) Co.,Ltd. | Thailand |
| ၄။ | Zocovin Cream(3gm) | T.O Chemicals (1979)Ltd. | Thailand |
| ၅။ | Romilar (Roche) | Tablet Olic (Thailand)Ltd. | Thailand |

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီ ဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**၂၀၀၅–၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို မတ် ၁၁ ရက်က အခြေခံပညာ မူလတန်းကျောင်း အမှတ်(၁၅) ကမာရွတ်မြို့နယ်ကျောင်း၌ ကျင်းပရာ သုံးနှစ်ဆက်တိုက် ပထမဆုရရှိသော ကျောင်းသား မောင်ကိုကိုဦးအား ကျောင်းအုပ်ဆရာကြီး ဦးစိန်လှိုင်က ထူးချွန်ဆုပေးအပ်စဉ်။** (ပညာရေး)






**မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်**

# (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ရတနာကုန်သည် ၁၅၇၂ ဦး လာရောက်လေ့လာ

ရန်ကုန် မတ် ၁၆

**ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ လာရောက်လျက်ရှိရာ ယနေ့တွင် ပြပွဲသို့ ပြည်ပ ၁၁ နိုင်ငံ၊ ရတနာကုမ္ပဏီ ၂၃၂ ခုမှ ရတနာကုန်သည် ၈၂၇ ဦးနှင့် ပြည်တွင်း ရတနာကုမ္ပဏီ ၃၃၇ ခုမှ နိုင်ငံသားရတနာကုန်သည် ၇၄၅ ဦး စုစုပေါင်းရတနာကုန်သည် ၁၅၇၂ ဦး လာရောက်ကြည့်ရှုလေ့လာကြသည်။**

အဆိုပါ ရတနာကုန်သည်များသည် ယနေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို ကြည့်ရှုလေ့လာကြရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအတွင်းရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် သက်ဆိုင်ရာ ဆပ်ကော်မတီ အတွင်းရေးမှူးများက လိုက်လံရှင်းလင်းပြသကြပြီး လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည်။

**(၄၃) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ခင်းကျင်းပြသထားသောကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)



### ရောက်ရှိလာဦးမည်

ယနေ့ ကျင်းပသော (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများသည် ယခင်ပြပွဲများတွင် ခင်းကျင်းပြသခဲ့သည်တို့ထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ အရေအတွက် ပိုမိုများပြားခြင်းတို့ကြောင့် ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ အထူးစိတ်ဝင်စားကြပြီး အများအပြား လာရောက်ကြခြင်းဖြစ်သည်။ ဆက်လက်၍လည်း ပြည်တွင်း ပြည်ပ ရတနာကုမ္ပဏီများမှ ရတနာကုန်သည်များ ရောက်ရှိလာကြဦးမည်ဖြစ်သည်။

### ကြမ်းခင်းဈေးအများဆုံး

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများသည် အရေအတွက်နှင့် အရည်အသွေးပါ ကောင်းမွန်သော ကျောက်မျက်ရတနာအတွဲများဖြစ်ရာ ကျောက်စိမ်းအတွဲနံပါတ်(၂၄၂၉)သည် ကျောက်စိမ်းတုံးငါးတုံး၊ အလေးချိန် ၁၂၅ ဒသမ ဝဝ ကီလိုရှိပြီး အခြေခံကြမ်းခင်းဈေး ယူရိုငွေ တစ်သန်းဖြစ်သည်။ မိုးကုတ်ပတ္တမြား အတွဲနံပါတ် (၆၃)သည် ပတ္တမြားတာတစ်ပွင့် အလေးချိန် ၃၃ ဒသမ ၃၉ ကရက်ရှိပြီး အခြေခံကြမ်းခင်းဈေးယူရိုငွေ ၃ ဒသမ ၅ သန်းဖြစ်သည်။ ပုလဲအနေဖြင့် တောင်ပင်လယ် ပုလဲအဖြစ် ကမ္ဘာတွင် ကျော်ကြားခဲ့ရာ ယခုပြပွဲတွင် တင်ပြသည့် မြန်မာနိုင်ငံမှ ထွက်ရှိသော ရွှေရောင်ပုလဲ အတွဲနံပါတ်(၂၃၃)သည် လုံးရေ ၆၈ လုံး၊ အလေးချိန် ၆၂ ဒသမ ၅၀ မိုမီရှိပြီး အခြေခံကြမ်းခင်းဈေး ယူရိုငွေ ၁၇၃၀၀တို့ဖြင့် ကြမ်းခင်းဈေးအများဆုံးအဖြစ် တင်ပြရောင်းချသွားမည်ဖြစ်သည်။

**(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသော ပုလဲအတွဲ နံပါတ် (၂၃၃) ရွှေရောင်ပုလဲလုံးရေ ၆၈ လုံး၊ အလေးချိန် ၆၂ ဒသမ ၅၀ မိုမီရှိပြီး အခြေခံကြမ်းခင်းဈေး ယူရိုငွေ ၁၇၃၀၀ တန် ရွှေရောင်ပုလဲတွဲကြီးကို တွေ့ရစဉ်။** (သတင်းစဉ်)




### ရင်းရင်းနှီးနှီးနှုတ်ဆက်

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ ရောက်ရှိလာရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြပြီး ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာနေကြသော ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အားပေးစကားပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)



**ကျောက်မျက်ရတနာ ပြပွဲတွင် ပြသထားသည့် ကျောက်စီ ပန်းချီကားကို တွေ့ရစဉ်။** (ကြေးမုံ)

### ✻ အရေအတွက်မှ

ရတနာကုန်သည်များ စိတ်ကြိုက်လေ့လာကြည့်ရှု အကဲဖြတ်ပြီး ဝယ်ယူနိုင်ရန်အတွက် ကျောက်စိမ်းများကို မတ် ၂၁ ရက်မှ ၂၄ ရက်အထိ နောက်ဆုံးရက်ကျမှ ဈေးပြိုင်စနစ်၊ တင်ဒါစနစ်တို့ဖြင့် ရောင်းချမည်ဖြစ်သည်။ ကျောက်စိမ်းကို A.B.C.D အမျိုးအစား လေးမျိုးခွဲခြားပြီး အရည်အသွေးကောင်းသည့် A နှင့် B အဆင့် ကျောက်စိမ်းများကိုသာ ပြပွဲတင်ခင်းကျင်းပြသထားကြောင်းလည်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတင်ပြသခဲ့သည့် ၁၉၆၄ ခုနှစ်မှ ယနေ့ကာလအထိ ယခုအကြိမ်ပြပွဲတွင် ကျောက်စိမ်းအရေအတွက်မှာ အများဆုံးဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြသထားသည့် ကျောက်စိမ်းအတွဲ ၂၄၅၉ တွဲအနက် ကျောက်စိမ်းငါးတုံး ပါဝင်သည့် ၁၂၅ ကီလိုရှိသော အတွဲအမှတ် (၂၄၂၉)မှာ အခြေခံကြမ်းခင်းဈေး ယူရိုတစ်သန်းဖြင့် ဈေးအများဆုံးဖြစ်သည်။

### အခြေခံကြမ်းခင်းဈေး

ထို့အတူ ကျောက်စိမ်းခြောက်တုံး ပါဝင်သည့် အတွဲအမှတ်(၂၃၂၂) ကျောက်စိမ်း၏ အခြေခံကြမ်းခင်းဈေးမှာ ယူရို ၈၀၀၀၀၀ ဖြစ်သည်။

ထို့ပြင် ကျောက်စိမ်းလေးတုံး ပါဝင်သည့် အတွဲအမှတ်(၂၃၁၈) ကျောက်စိမ်းမှာ အခြေခံကြမ်းခင်းဈေး ယူရို ၃၈၀၀၀၀ ဖြစ်သည်။

ထိုကဲ့သို့ အရေအတွက်ရော၊ တန်ဖိုးပမာဏပါ များပြားပြီး အရည်အသွေးလည်း ကောင်းမွန်လှသည့် ကျောက်စိမ်းများကို ရတနာကုန်သည်များ စိတ်ကြိုက်ကြည့်ရှု လေ့လာဝယ်ယူနိုင်ရန် ပြပွဲနောက်ဆုံးရက်ကျမှ ရောင်းချခြင်းဖြစ်သည်။

(ကြေးမုံ)

# ဂျမ်ဘိုလေယာဉ်ထုတ်လုပ်ရေးစီမံကိန်း တရုတ်အစိုးရ ထုတ်ပြန်ကြေညာ

**ပေကျင်း မတ် ၁၆**

တရုတ်နိုင်ငံသည် ၂၀၀၆-၂၀၁၀ ပြည့်နှစ် ငါးနှစ်စီမံကိန်းကာလအတွင်း အရွယ်အစားကြီးမားသော လေယာဉ်များ တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း မတ် ၁၅ ရက် သတင်းများတွင် ဖော်ပြသည်။

တရုတ်နိုင်ငံတွင် လေကြောင်းဖြင့် ခရီးသွားလာသူဦးရေ အလွန်အမင်းများပြားလာပြီး လေကြောင်းဌာနများက လေယာဉ်ဝယ်လိုအားတိုးတက်လာခြင်းကြောင့် ပြည်တွင်း၌ပင် လေယာဉ်များထုတ်လုပ်ရန် လိုအပ်ကြောင်း ဝန်ကြီးချုပ်ဝမ်ကြားပေါင်က အစိုးရအဖွဲ့၏ လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေနှင့်ပတ်သက်၍ မတ် ၅ ရက်က ပါလီမန်တွင် တင်သွင်းရာ၌ ဖော်ပြသည်။ တရုတ်နိုင်ငံသည် (၁၁) ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၀၆-၂၀၁၀ ပြည့်နှစ်) ကာလအတွင်းမှာပင် အရွယ်အစားကြီးမားသော လေယာဉ်များ ထုတ်လုပ်ရေးစီမံကိန်းကို စတင်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ၁၉၈၀ ပြည့်လွန် နှစ်များကပင်လျှင် အရွယ်အစားကြီးမားသော လေယာဉ်များကို ထုတ်လုပ်နိုင်ရန်ကြိုးပမ်းခဲ့သည်။ သို့ရာတွင် အခြေအနေအကြောင်းအရာများအရ အောင်မြင်စွာ ထုတ်လုပ်နိုင်ခြင်း မရှိခဲ့ပေ။

လက်ရှိ ငါးနှစ်စီမံကိန်းကာလတွင် စတင်မည့် "ဂျမ်ဘိုလေယာဉ်" (Jumbo aircraft) စီမံကိန်းသည် တရုတ်နိုင်ငံ၏ အဆင့်မြင့်နည်းပညာ အသုံးပြုသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ စီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြင့် ပြည်သူများ၏ ခရီးသွားလာရေးတွင် အဆင်ပြေကာ သယ်ယူပို့ဆောင်ရေးကဏ္ဍမြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း မြို့ပြလေကြောင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံက ထုတ်လုပ်မည့် ဂျမ်ဘိုလေယာဉ်သည် ခရီးသည်ထိုင်ခုံနေရာ ၁၅၀ ကျော် ပါရှိမည်ဖြစ်ပြီး ကီလိုမီတာ ၄၀၀၀ အကွာအဝေးအထိဖြစ်သော ခရီးတာတိုပျံသန်းရန် သင့်လျော်ကြောင်း တာဝန်ရှိသူကပြောကြားသည်။

အင်တာနက်။

**တရုတ်နိုင်ငံရှိ ပူဒေါင်လေဆိပ်တွင် ရှန်ဟိုင်းလေကြောင်းဌာနမှ ခရီးသည်တင် လေယာဉ်တစ်စင်း ဆိုက်ကပ်ထားသည်ကို မတ် ၁၅ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



### အင်တာနက် သတင်း

### ● ဓာတ်ငွေ့လျှပ်စစ်မှ

ဟွန်ဒါမော်တော်ကားကုမ္ပဏီ၏ လက်ရှိ အင်ဂျင်စက်ထုတ်လုပ်ရေးစက်ရုံမှာ သက်တမ်းအရ ကြာမြင့်ခဲ့ပြီဖြစ်ရာ ပြောင်းလဲတိုးတက်လာသော နည်းပညာသစ်များနှင့်အညီ ယာဉ်တွန်းကန်အား စနစ်ဆိုင်ရာ စက်ကိရိယာများ ထုတ်လုပ်ပေးမည့် စက်ရုံသစ်ကို တည်ဆောက်ရန် လိုအပ်ကြောင်း တာကဲအိုက ပြောကြားသည်။ ဟွန်ဒါကုမ္ပဏီ၏ လက်ရှိအင်ဂျင်စက်စက်ရုံမှာ ဆိုင်းတာမာပြည်နယ် ဆာယာမာမြို့တွင်တည်ရှိသည်။

မိမိတို့သည် အနာဂတ်ကာလတွင် ဆာယာမာမြို့ရှိ စက်ရုံမှ ယာဉ်တပ်ဆင်ရေး စက်ကိရိယာအချို့ကို ယိုရီမြို့သို့ ရွှေ့ပြောင်းဖွယ်ရှိကြောင်း တာကဲအိုက ပြောကြားသည်။

ဟွန်ဒါကုမ္ပဏီ၏ စက်ရုံသစ်အတွက် ငွေကြေးမည်မျှ ရင်းနှီးမြှုပ်နှံမည်၊ ထုတ်လုပ်မှုစွမ်းပကား မည်မျှရှိမည် စသည်တို့နှင့် ပတ်သက်၍ ဆုံးဖြတ်ရန်ရှိနေကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

# ‘လူ့အခွင့်အရေး’သကြားအုပ်ထားသော အမေရိကန်အဆိပ်ဆေး (၁)

လူတိုင်းရသင့်သောအခွင့်အရေးမှာ လူတို့လွတ်လပ်စွာ အသက်ရှင်သန်နိုင်အောင်၊ မိမိတို့ စား၊ဝတ်၊နေရေးကို မိမိတို့ စိတ်တိုင်းကျသောနည်းလမ်းများဖြင့် အကောင်အထည်ဖော်ခွင့်ပင် ဖြစ်သည်။ ဤသည်မှာ လူသားတို့၏ လွတ်လပ်ခွင့်ပင်ဖြစ်သည်။ နိုင်ငံတိုင်းတွင် ရေ၊ မြေ၊ သဘာဝသယံဇာတ၊ ထွက်ကုန် သီးနှံများရှိကြရာ ယင်းမိမိမြေ၊ မိမိနိုင်ငံမှ သယံဇာတ ဓနဥစ္စာများကို ယင်းနိုင်ငံသားများသာ ထုတ်ယူသုံးစွဲနိုင်ကြရပေမည်။ နိုင်ငံတစ်ခုမှ ထွက်ကုန်ပစ္စည်းများကို ယင်းနိုင်ငံသားများ ဝဝလင်လင်မစား၊ မသုံးရဘဲ တိုင်းတစ်ပါးသားက အလိုမတူ အဓမ္မနည်းဖြင့်လုယူ၊ ခြယ်လှယ်သွေးစုပ်ခံရပြီဆိုလျှင် ယင်း နိုင်ငံသားများအားလုံး တိုင်းခြားနယ်ချဲ့သမား လက်အောက်ကျွန်သပေါက်အဖြစ် ကျရောက်သွားပြီဟု မှတ်ရပေတော့မည်။

လွန်ခဲ့သောရာစုနှစ်များအတွင်း အာရှ၊အာဖရိက၊တောင်အမေရိကစသည့် ကမ္ဘာမြေ၏ ၇၇ ရာခိုင်နှုန်းသည် ဥရောပအရင်းရှင်နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝ ကျရောက်ခဲ့သည်။ အိန္ဒိယအခြေစိုက် ဗြိတိသျှဘုရင်ခံချုပ်က ၁၈၈၆ ခုနှစ် ဇန်နဝါရီလ၁ရက်နေ့တွင် ကျူးကျော်သိမ်းပိုက် ကျွန်ပြုထားသော မြန်မာနိုင်ငံကို ဗြိတိန်ဘုရင်မကြီးထံသို့ နှစ်သစ်ကူးလက်ဆောင်အဖြစ် ပေးဆက်ခဲ့သည်။ ဗြိတိသျှ ကုမ္ပဏီများက အဖိုးတန်မြန်မာ့ကျွန်း၊ ပျဉ်းကတိုးစသည့် သစ်များ၊ တွင်းထွက်သတ္တုစုံနှင့် ကျောက်မျက်ရတနာများ၊ မြေအောက်မှ ရေနံများ၊ မြန်မာတောင်သူလယ်သမားတို့ ကုန်းရုန်းစိုက်ပျိုးထွက်ရှိသော သီးနှံများကို ဓါးကုပ်ထုတ်ယူသွားကြပြီး ဗြိတိသျှဘဏ္ဍာတော်တိုက်အား ပြည့်စေခဲ့သည်။ ထိုကာလသည် ဗြိတိသျှနှင့် ဥရောပအရင်းရှင်များက မြေရှင်ပဒေသရာဇ်များလက်မှ အုပ်ချုပ်ရေးအာဏာကို လုယူစိုးမိုးနိုင်သောကာလဖြစ်သည်။ အရင်းရှင်တို့ လွတ်လပ်စွာကုန်သွယ်၊ လွတ်လပ်စွာနယ်ချဲ့ပြီး နယ်ချဲ့သမားကို နယ်ချဲ့အစိုးရအာဏာစက်၊ နယ်ချဲ့အစိုးရ စစ်တပ်က ကာကွယ်ပေးခြင်းကို ဒီမိုကရေစီဟု ခေါ်ခဲ့ကြသည်။ ဗြိတိသျှအရင်းရှင်ပါလီမန် ဒီမိုကရေစီက မြန်မာတို့၏လွတ်လပ်ခွင့်၊ မြန်မာတို့ပိုင်သော အချုပ်အခြာအာဏာ၊ မြန်မာတို့၏ဒီမိုကရေစီ၊ မြန်မာတို့၏ လူ့အခွင့်အရေး၊ မြန်မာတို့၏ ဓနဥစ္စာများကို အဓမ္မလုယက်၊ ရိုက်ချိုးဖျက်ဆီး၊ သွေးစုပ်ယူသွားခဲ့ကြသည်။

မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံတစ်ရာကျော်သည် နယ်ချဲ့တို့ထံမှ မိမိတို့ လွတ်လပ်ရေးကို အသက်၊ သွေး၊ ချွေးရင်းပြီး ပြန်တိုက်ယူခဲ့ကြသည်။ မိမိတို့၏ လူ့အခွင့်အရေး၊ မိမိတို့၏ လွတ်လပ်ခွင့်၊ မိမိတို့ပိုင်ဓနဥစ္စာများကို ပြန်လည်ရယူခြင်းပင် ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း နယ်ချဲ့လက်ဟောင်း၊ လက်သစ်တို့ ကိုလိုနီလုပွဲဆင်နွှဲကြစဉ် မျိုးချစ်ပြည်ချစ်များက မိမိတို့နိုင်ငံအတွက် အချုပ်အခြာအာဏာပြန်လည်တိုက်ယူမှုအရှိန် မြှင့်တင်ခဲ့ကြသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံသည် တိုင်းရင်းသား သွေးချင်းပြည်သူအားလုံး၏ ဆန္ဒ၊ ဇွဲနပဲ၊ စည်းလုံးမှု၊ စွန့်လွှတ် စွန့်စားမှုကျေးဇူးများကြောင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးပြန်ရခဲ့သည်။

နိုင်ငံတကာဥပဒေစံ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အခြေခံမူများနှင့် ပဋိညာဉ်စာချုပ်ကြီးပါ မူများအရ နိုင်ငံတိုင်းသည် ကြီးငယ်မဟူ တန်းတူရည်တူရှိကြရသည်။ တစ်နိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်စိုးမှုကို ကျန်နိုင်ငံများက လေးစားကြရသည်။ နိုင်ငံတိုင်းတွင် လွတ်လပ်စွာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့် ရှိကြသည်။ နိုင်ငံတစ်ခု၏ပြည်တွင်းရေးကို အခြားနိုင်ငံက ဝင်စွက်ဖက်ခြင်း၊ ကျူးကျော်ခြင်း မပြုရပေ။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကြီးကို အဖွဲ့ဝင်နိုင်ငံအားလုံး (ယခုအချိန်အထိ၁၉၁နိုင်ငံ)က လိုက်နာပါမည်ဟု ပဋိညာဉ်ပြုကာ လက်မှတ်ရေးထိုးကြပြီးဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးသည် ကမ္ဘာစစ်ပွဲကြီးကဲ့သို့ လူအများသေကျေပျက်စီးစေသည့် စစ်ပွဲမျိုး ထပ်မံမဖြစ်ပွားရန်၊ တစ်ကိုယ်တော်၊ တစ်နိုင်ငံ၊ တစ်အုပ်စုက အကြမ်းဖက်အင်အား သုံးနည်းဖြင့် ကမ္ဘာ့ပြည်သူများကို ဒုက္ခမပေးရန်၊ ကမ္ဘာ့လူသားများ လွတ်လပ်စွာနေထိုင်ကြရန် ရည်ရွယ်ဖွဲ့စည်းသော ကမ္ဘာ့ မဏ္ဍိုင်အဖွဲ့ကြီးဖြစ်သည်။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကြီးတွင် ကုလသမဂ္ဂအဖွဲ့ကြီးကိုပင် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခွင့် ပေးမထားဟု ဖော်ပြထားသည်။

လွတ်လပ်ရေးရလာသော ဖွံ့ဖြိုးဆဲအာရှ၊အာဖရိက နိုင်ငံ ၁၀၀ ကျော်ပါဝင်သည့် ဘက်မလိုက်လှုပ်ရှားမှု၏ လက်စွဲမူဝါဒ(ဝါ) ဘန်ဒေါင်းကွန်ဖရင့် ကြေညာချက်မူဝါဒကလည်း ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်မူနှင့် တစ်ထပ်တည်းပင်ဖြစ်သည်။ **မြန်မာနိုင်ငံသည် ကုလသမဂ္ဂပဋိညာဉ်၊ ဘန်ဒေါင်းမူ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်၊ နိုင်ငံတကာ ဥပဒေစံနှုန်း၊ အာဆီယံအခြေခံမူများကို တိကျစွာလိုက်နာပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ကျွန်ပြန်မဖြစ်ရေး၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်ထောင်စု မပြိုကွဲရေး၊ ကိုယ့်လွတ်လပ်ရေး၊ ကိုယ့်အချုပ်အခြာအာဏာ ထာဝရတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားပြည်သူများ လွတ်လပ်ရေး အရသာ အပြည့်အဝခံစားပြီး ဆူပူသောင်းကျန်းမှု ကင်းစင်ငြိမ်းချမ်းစွာ နေထိုင်ရေး၊ ရေမြေသယံဇာတကောင်းများကို အခြေပြုပြီး ဖွံ့ဖြိုးတိုးတက်ကာ လူနေမှုအဆင့်အတန်းမြင့်မားလာရေးတို့ကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။**

**တက္ကသိုလ်မြတ်သူ**

ပြည်သူ့သဘောထားလေးရပ်၊ ပုဂံမြေလူထုအစည်းအဝေးကြီး၏ သန္နိဋ္ဌာန်ခြောက်ရပ်တို့သည် တိုင်းရင်းသားပြည်သူလူထုက ထုတ်ဖော်ပြသသော ဆန္ဒမွန်များ၊ ပြည်သူ့ဆန္ဒမှန်များ ဖြစ်သည်။ ဤသဘောထား၊ ဤဆန္ဒ၊ ဤဦးတည်ချက်များအရ မြန်မာနိုင်ငံကို အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုး တိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရန် ဆုံးဖြတ်ချမှတ်ခြင်းသည် မြန်မာတို့၏ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ပင်ဖြစ်သည်။ ဤသည်မှာ မြန်မာတို့၏မှန်ကန်မျှတသော လူ့အခွင့်အရေးကို အပြည့်အဝခံစားနိုင်ရန် ကြိုးပမ်းအားထုတ်မှုပင်ဖြစ်သည်။

**မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေး ချိုးဖောက်သည်ဟူသော စွပ်စွဲချက်များဖြင့် ယနေ့မြန်မာတို့၏ ငြိမ်းချမ်းတည်ငြိမ်၊ စည်းလုံးညီညွတ်၊ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကို ဟန့်တားနှောင့်ယှက်မှုများ လုပ်လျက်ရှိသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက နှစ်စဉ်ကမ္ဘာ့လူ့အခွင့်အရေးမှတ်တမ်းအစီရင်ခံစာ ဆိုသည်ကို ထုတ်ပြန်လေ့ရှိသည်။ အမေရိကန်လွှတ်တော်သို့ တင်ပို့ပေးသည်။ အမေရိကန်အမတ်များသည် အမေရိကန်နိုင်ငံခြားရေးဌာနက လူ့အခွင့်အရေး ချိုးဖောက်သည်ဟု တစ်ဖက်သတ် လုပ်ကြံစွပ်စွဲခံရသော နိုင်ငံများကို ရန်လုပ်လေ့ရှိသည်။**

အမေရိကန်နိုင်ငံခြားရေးဌာနသည် လူ့အခွင့်အရေးမှတ်တမ်းကို နှစ်စဉ်ထုတ်ပြန်လိုက်၊ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု စွပ်စွဲချက်များ နှစ်စဉ်ထုတ်ပြန်လိုက်၊ ဘာသာရေးလွတ်လပ်ခွင့် ပိတ်ပင်မှု စွပ်စွဲချက်များ နှစ်စဉ်ထုတ်ပြန်လိုက်ဖြင့် ၎င်းတို့၏ ဩဇာမခံ၍ ၎င်းတို့မလိုလားသော ပစ်မှတ်နိုင်ငံများကို ရန်လုပ်လေ့ရှိသည်။ အစွပ်စွဲခံရသော နိုင်ငံများကလည်း ခါးခါးသီးသီး၊ ဒေါသတကြီး တုံ့ပြန်ကြကာ အမေရိကန်၏ စွပ်စွဲချက်မှန်သမျှ ပယ်ချပစ်ကြသည်။ ဤသို့ဖြင့် အမေရိကန်နိုင်ငံခြားရေးဌာနမှ စွပ်စွဲလုပ်ကြံချက်များမှာ နိုင်ငံများစွာ၏ အမှိုက်ခြင်းများအတွင်း ရောက်ရှိသွားစမြဲဖြစ်ပေသည်။

အမေရိကန်တို့၏ နိုင်ငံရေးလက်နက်အဖြစ် အသုံးပြုသော ဝေါဟာရ သို့မဟုတ် စွပ်စွဲချက်များကား ခေတ်အလိုက်အပြောင်းအလဲများ၏။ အမေရိကန်အပါအဝင် အနောက်နယ်ချဲ့ကိုလိုနီနိုင်ငံများသည် ၎င်းတို့နယ်ချဲ့စက်ယန္တရားကြီး အရှိန်ကောင်းကောင်းဖြင့် လည်ပတ်နေစဉ်က ‘လွတ်လပ်ရေး’၊ ‘ဒီမိုကရေစီရေး’၊ ‘လူ့အခွင့်အရေး’ ဟူသော ဝေါဟာရများကို ၎င်းတို့၏ အဘိဓာန်များ၌ပင် မထားခဲ့ကြ၊ ဖုံးပိတ်ထားခဲ့ကြသည်။ ထိုစဉ်ကမူ ကျူးကျော် သိမ်းပိုက်ကျွန်ပြုမည့် နိုင်ငံများမှ ပြည်သူလူထုအား ‘အရိုင်းအစိုင်းများ’၊ ‘လူရိုင်းများ’၊

**မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေး ချိုးဖောက်သည်ဟူသော စွပ်စွဲချက်များဖြင့် ယနေ့မြန်မာတို့၏ ငြိမ်းချမ်းတည်ငြိမ်၊ စည်းလုံးညီညွတ်၊ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကို ဟန့်တားနှောင့်ယှက်မှုများ လုပ်လျက်ရှိသည်။ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက နှစ်စဉ်ကမ္ဘာ့လူ့အခွင့်အရေး မှတ်တမ်း အစီရင်ခံစာဆိုသည်ကို ထုတ်ပြန်လေ့ရှိသည်။ အမေရိကန် လွှတ်တော်သို့ တင်ပို့ပေးသည်။ အမေရိကန် အမတ်များသည် အမေရိကန် နိုင်ငံခြားရေးဌာနက လူ့အခွင့်အရေး ချိုးဖောက်သည်ဟု တစ်ဖက်သတ် လုပ်ကြံစွပ်စွဲခံရသော နိုင်ငံများကို ရန်လုပ်လေ့ရှိသည်။**

လူရိုင်းများကို ယဉ်ကျေးအောင်လုပ်ရန် ဘုရားသခင်က မိမိတို့အား တာဝန်ပေးထားပြီဟူသော စကားလုံးများသုံးခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဟစ်တလာ၏ နာဇီဂျာမနီ၊ မူဆိုလိုနီ၏ အီတလီ၊ ဂျပန်နန်းရင်းဝန် တိုဂျို၏အစိုးရတို့အား ‘ဖက်ဆစ်ဝင်ရိုးတန်းနိုင်ငံများ’၊ ‘ဖက်ဆစ်အကြမ်းဖက်များ’၊ ‘ဖက်ဆစ်လူသတ်သမားများ’ဟု သုံးလာပြန်၏။ ကမ္ဘာစစ်အပြီး အင်အားကြီးထွားလာသော ဆိုဗီယက် ပြည်ထောင်စုကို ဖြိုချရန် စစ်အေးတိုက်ပွဲဆင်နွှဲရာ၌ ‘ဆင်းရဲမွဲတေ စေသော ဆိုရှယ်လစ်ဝါဒ’၊ ‘တစ်ပါတီအာဏာရှင်စနစ်’၊ ‘ဒီမိုကရေစီ’၊ ‘နှောင်ကြိုးမဲ့ကမ္ဘာ’ ဟူသော ဝေါဟာရများ တွင်တွင်သုံးခဲ့သည်။

၁၉၇၆ခုနှစ်တွင် အမေရိကန်သမ္မတ ဖြစ်လာသော ဂျင်မီကာတာသည် ဆိုဗီယက်ကို ထိုးနှက်ရာ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတွင် ရေနံဖြင့် ကြွယ်ဝလာသော အာရပ်နိုင်ငံများကို ထိုးနှက်ရာ၌လည်းကောင်း အထူးသဖြင့် အယာတိုလာ ခိုမေနီဦးဆောင်သော အီရန်နိုင်ငံအား ထိုးနှက်ရာ၌လည်းကောင်း လူ့အခွင့်အရေးဆိုသော ဝေါဟာရကို ချောင်ထဲကဆွဲထုတ် ဖုတ်ဖက်ခါပြီး တွင်တွင်သုံးလာခဲ့သည်။ အမေရိကန် အစိုးရအနေဖြင့် ၎င်းတို့အမြင်မကြည်သော ဆိုရှယ်လစ်နိုင်ငံများနှင့် အာရပ်နိုင်ငံများတွင် လူ့အခွင့်အရေး ချိုးဖောက်နေကြသည်၊ လွတ်လပ်ခွင့်မရှိဟု စွပ်စွဲထိုးနှက်လာသည်။

အမေရိကန်သမ္မတက လူ့အခွင့်အရေးချိုးဖောက်သောနိုင်ငံ၊ ဘာသာရေး အစွန်းရောက်သည်ဟု တစ်ဖက်သတ်ယူဆသော နိုင်ငံများတွင် ပြည်သူတို့ လူ့အခွင့်အရေးအပြည့်အဝ မခံစားရ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေကြသည် စသည်ဖြင့် မဖြစ်ဖြစ်အောင် စွပ်စွဲပေးရန်တာဝန်မှာ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနအပေါ် ကျရောက်လာခဲ့သည်။ သမ္မတဂျင်မီကာတာ လက်ထက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက (အထူးသဖြင့်) နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်ဂျာက နိုင်ငံတကာရှိ ၎င်းတို့၏သံရုံးများအား ထိုနိုင်ငံ၊ ဤနိုင်ငံတို့တွင် လူ့အခွင့်အရေး ချိုးဖောက်ကြောင်း တစ်နှစ်တစ်ကြိမ် အစီရင်ခံစေခဲ့သည်။ ယင်းအစီရင်ခံစာများသည် အမှန်စင်စစ် ဝါရှင်တန်က အလိုရှိ သည့်အတိုင်း ကြံဖန်လီဆယ်စွပ်စွဲရေးသားထားချက်များသာဖြစ်ကြောင်း ကာယကံရှင်များ (အစီရင်ခံရသူများနှင့် အစွပ်စွဲခံနိုင်ငံ) က သိကြသည်။

**လူ့အခွင့်အရေးဟူသော စကားလုံးသည် နယ်ချဲ့လက်ဟောင်း၊ လက်သစ်များ၊ ကျူးကျော်စွက်ဖက်ရေးသမားများက ရေလဲနှင့်သုံးနေကြသဖြင့် ဆီသည်မ လက်သုတ်ပဝါကဲ့သို့ ညစ်ထေးပေကျံနေရသည်။ ရုပ်ပျက်ဆင်းပျက်၊ သရုပ်ပျက် ဖြစ်နေရသည်။** ထို့ကြောင့် လူ့အခွင့်အရေး၏ အနက်ဓိပ္ပာယ်အစစ်ကို မြန်မာတို့ကမည်သို့မြင်သည်၊ မြန်မာတို့ကဲ့သို့ ကမ္ဘာ့နိုင်ငံများစွာက မည်ကဲ့သို့မြင်သည်၊ နိုင်ငံတကာကို လူ့အခွင့်အရေး စွပ်စွဲချက်ဖြင့် လုပ်ကြံလီဆယ်ရန် လိုနေသော အမေရိကန် ပြည်ထောင်စုအတွင်း၌ လူ့အခွင့်အရေး အခြေအနေမှန်များ မည်သို့ရှိနေသည်ကို ဆက်လက်စောကြောကြည့်ရန် လိုအပ်လာပါသည်။ ယနေ့ **အမေရိကန်သည် လူ့အခွင့်အရေးကိစ္စကို ကစားကွက်တစ်ကွက် Game တစ်ခုအဖြစ် ကစားနေခြင်းသာ ဖြစ်ပါသည်။**

(ဆက်လက်ဖော်ပြပါမည်)

**လူ့အခွင့်အရေးဟူသော စကားလုံးသည် နယ်ချဲ့လက်ဟောင်း၊ လက်သစ်များ၊ ကျူးကျော်စွက်ဖက်ရေးသမားများက ရေလဲနှင့်သုံးနေကြသဖြင့် ဆီသည်မ လက်သုတ်ပဝါကဲ့သို့ ညစ်ထေးပေကျံနေရသည်။ ရုပ်ပျက်ဆင်းပျက်၊ သရုပ်ပျက် ဖြစ်နေရသည်။**

**ယနေ့ အမေရိကန်သည် လူ့အခွင့်အရေးကိစ္စကို ကစားကွက်တစ်ကွက် Game တစ်ခုအဖြစ် ကစားနေခြင်းသာ ဖြစ်ပါသည်။**

✪ ရှေ့ဖုံးမှ

ရန်ကုန်မြို့တော် ပတ်ဝန်းကျင် မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ဆည်မြောင်းတမံစီမံကိန်းလုပ်ငန်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး စီမံကိန်းတွင်ပါဝင်သော ပဲခူးမြစ်အရှေ့ခြမ်း တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် စလူ၊ ရွှေလောင်း၊ ကိုဒူးကွဲနှင့် ဝါးကတုတ်ရေလှောင်တမံများ တည်ဆောက်နေမှုအခြေအနေ၊ ဇောင်းတူးရေလှောင်တမံသို့ ရေကူးပေးပို့နိုင်ရေး စီမံဆောင်ရွက်မှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်က ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံကိန်းတွင်ပါဝင်သည့် ပဲခူးမြစ်အနောက်ဘက်ခြမ်း သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွနှင့် ကဝမြို့နယ်အတွင်း ရေငန်မဝင်ရန်နှင့် ရေချိုများထိန်းထားနိုင်ရန် တာဝ၊ ပိုင်ကျုံ၊ ရွှေလှေနှင့် ခရမ်းရေထိန်းတံခါးများ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ လယ်မြေဧက ၆၅၀၀၀ ရေပေးဝေစိုက်ပျိုးနိုင်မှု အခြေအနေ၊ ရေရရှိရေး နည်းလမ်းသုံးသွယ်နှင့် ရေပေးဝေရေးနည်းလမ်းနှစ်သွယ်တို့ဖြင့် စိုက်ပျိုးရေးအတွက် ရေပေးဝေနိုင်ရေး အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ရန်ကုန်တိုင်းအတွင်း တည်ဆောက်ပြီး လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ရှစ်ခုတို့မှ စိုက်ပျိုးရေပေးဝေမှု အခြေအနေကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမင်းအောင်က ရန်ကုန်တိုင်းအတွင်း မိုးစပါးလျာထားဧက ၁၂သိန်းပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်သူနှင့် နွေစပါးလျာထားဧက နှစ်သိန်းလေးသောင်း စိုက်ပျိုးရန် လျာထားဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ရေနှင့် သန့်ရှင်းမှုဌာန ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းက ငမိုးရိပ်ရေလှောင်တမံမှ ရန်ကုန်မြို့တော်သို့ နေ့စဉ်ရေဂါလန် သန်း ၉၀ ပေးဝေနေရာမှ ရေဂါလန် ၄၅သန်းတိုးမြှင့်ကာ စုစုပေါင်း ရေဂါလန် နေ့စဉ် ၁၃၅သန်းပေးဝေနေမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်မြို့တော် ပတ်ဝန်းကျင် မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် လုပ်ငန်းကဏ္ဍများ အလိုက် အဆက်အစပ်ရှိရှိ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ငမိုးရိပ်ဆည်မှ စိုက်ပျိုးရေပေးဝေရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော် ရေပေးဝေရေး လုပ်ငန်းတို့ကို ဟန်ချက်ညီအောင် ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

## ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် ကွမ်းခြံကုန်း၊ ကော့မှူးဒေသရှိ ရေမြောင်းကြီးလေးမြောင်းနှင့်ရေထိန်းတံခါးများကို ပြန်လည်ပြုပြင်ရန်ရှိရာ ကုန်ကျစရိတ်နှင့်တကွ အမြန်ဆုံး တွက်ချက်တင်ပြရန်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်မိုင် ၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် နွေသီးနှံများစိုက်ပျိုးရေးကို အထောက်အကူဖြစ်စေရေးအတွက် အရှေ့ဘက်ခြမ်းတွင် တည်ဆောက်မည့် ဝါးကတုတ်ရေလှောင်တမံနှင့် ကိုဒူးကွဲရေလှောင်တမံတို့ကို အမြန်ဆုံးပြီးစီးအောင် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ဆည်များ၊ ရေလှောင်တမံများ တည်ဆောက်ရာတွင် ဆည်၊ တမံများနှင့်အတူ စိုက်ပျိုးရေပေးဝေသည့် မြောင်းများပါ တစ်ပြိုင်တည်းပြီးစီးအောင် တည်ဆောက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အကြီးအကဲချမှတ်ပေးထားသောစနစ်အတိုင်း ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။



ရန်ကုန်မြို့တော်သို့ ရေပေးဝေနေသော ငမိုးရိပ်ဆည်ကို တွေ့ရစဉ်။ (သတင်းစဉ်)



ငမိုးရိပ်ဆည်မှ ရန်ကုန်မြို့တော်သို့ ရေပေးဝေရာတွင် ရေတိုးချဲ့ပိုလွှတ်ပေးနိုင်ရေးအတွက် မြောင်းမကြီးကို ချဲ့ထွင်ပြုပြင်ရန် လိုအပ်သဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဆည်မြောင်းဦးစီးဌာနတို့ ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့တော်ရေပေးဝေရေးနှင့် သီးနှံစိုက်ပျိုးရေးအတွက် ရေခွဲရာတွင် သဟဇာတဖြစ်ရေးအတွက် ထိန်းညှိဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ငမိုးရိပ်ရေလှောင်တမံ ရေဝင်ရောက်မှုအခြေအနေနှင့် ငမိုးရိပ်ရေလှောင်တမံဧရိယာအတွင်း စိမ်းလန်းစိုပြည်မှုအခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားသည်။

ငမိုးရိပ်ရေလှောင်တမံစီမံကိန်းကို သီးထပ်များစိုက်ပျိုးနိုင်ရန်၊ မိုးရာသီတွင် စိုက်ပျိုးမည့်သီးနှံများအတွက် မိုးရေဖြင့် မလုံလောက်ပါက လိုအပ်သောရေကို ဖြည့်ပေးရန်၊ ငမိုးရိပ်ချောင်း ရေလွှမ်းမိုးမှုမှ ကာကွယ်ထိန်းသိမ်းပေးရန်နှင့် ရန်ကုန်မြို့တော်သို့ သောက်သုံးရေ နေ့စဉ်ဂါလန် ၁၃၅ သန်းပေးဝေနိုင်ရန် ရည်ရွယ်ကာ ၁၉၉၂–၉၃ခုနှစ်ကလုပ်ငန်း စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၄–၉၅ခုနှစ်တွင် လုပ်ငန်းများဆောင်ရွက်ပြီးစီး၍ ၁၉၉၅ ခုနှစ်မတ်၂၆ရက်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကိုယ်တိုင်တက်ရောက်ကာ ဖွင့်လှစ်ပေးခဲ့သည်။

ငမိုးရိပ်ရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်၍ တမံအလျား ၁၅၅၀၀ပေ၊ အမြင့် ၇၅ပေရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၁၈၀၀၀၀ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် မုဆိုးညောင်ပင်ကျေးရွာအနီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လယ်မြေဧက ၈၀၀၀ အကျိုးပြုမည့် ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံကိန်းတွင် ပါဝင်သည့် ရန်ကုန်တိုင်းအတွင်း လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားပြီး ငမိုးရိပ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အလျား ၇၂ ပေ၊ အနံပေ ၆၀၊ အမြင့် ၁၃ ပေရှိ ရေငြိမ်ကန်တည်ဆောက်ပြီးစီးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ညနေ ၅ နာရီတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

## ရှင်းလင်းတင်ပြ

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်မြို့တော် ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ငမိုးရိပ်ရေလှောင်တမံ စီမံကိန်းနှင့်စပ်လျဉ်း၍ အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။**
(သတင်းစဉ်)

## The Commerce Journal အတွဲ(၆) အမှတ်(၆)ဖြန့်ချိ

**ရန်ကုန် မတ် ၁၆**

The Commerce Journal အတွဲ(၆) အမှတ်(၆)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် မြန်မာနိုင်ငံသားများဘဏ် လီမိတက် MSEC၏ စာရင်းဝင်ကုမ္ပဏီဖြစ်ရန် သဘောတူ၊ အွန်လိုင်းလိုင်စင် လျှောက်ထားနိုင်တဲ့ Public Access Centreဖွင့်၊ ပဲမျိုးစုံ ပို့ကုန်ဈေးနှုန်း နှစ်ပတ်လျှင် တစ်ကြိမ် သတ်မှတ်၊ ဂျပန်လေဆိပ်တွေမှာ မြန်မာ့လက်မှုပစ္စည်းတွေ ပြသရောင်းချရပြီ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဖွဲ့စည်း၊ ကွမ်းရွက်ဈေးကွက်ပြန်လည်တည်ငြိမ်လာ၊ တရုတ်ပြည်မကြီးရဲ့ ရွှေထုတ်လုပ်မှု စံချိန်တင်၊ ဈေးချိုတဲ့ အများသုံးမိုဘိုင်းဖုန်းများ၊ ကမ္ဘာ့ဆန်ဈေးနှုန်း အခြေအနေ၊ မိသားစုကြွေးကင်းဖို့၊ တရုတ်ကလေးကစားစရာအရုပ်လုပ်ငန်း ယမ်းငွေ့တန်ဖိုး ဘယ်ရာနှုန်း မြင့်သင့်သလဲ၊ Crash လွှမ်းမိုးသွားတဲ့ အော်စကာပွဲ၊ ကမ္ဘာ့ လောင်စာဆီ ဈေးနှုန်းဘာကြောင့်တက်၊ အာရှကုန်မှတ်တံဆိပ်များ ကျယ်ပြန့်ရေး မဟာဗျူဟာစသည့် သတင်းများအပြင် မောင်စူးစမ်း၊ ဒေါက်တာခင်မောင်ညို၊ ဟံသာထွန်း၊ မောင်ပုဆိုးကြမ်း၊ သိန်းမြသိန်းတို့၏ သုတရသစုံ ဆောင်းပါးများ၊ ပို့ကုန် အခြေခံဈေးနှုန်း၊ ဆရာစံဇာဏီဘို၏ အမည်ဟောကိန်း၊ ဖက်ရှင်၊ ရုပ်ရှင်သတင်းများဖြင့် ဝေဝေဆာဆာ ဖော်ပြပြီး အမှတ်(၃၈) လမ်း–၃၀ ပန်းဘဲတန်းမြို့နယ်က တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ (သတင်းစဉ်)

## ရေစကြိုဆရာတော်တရားပွဲ

**ရန်ကုန် မတ် ၁၆**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA နှစ် (၁၀၀)ပြည့်ပွဲတော် အထိမ်းအမှတ် အကြိုတရားပွဲအဖြစ် ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ် စာသင်တိုက် ပဓာနနာယက ဆရာတော် (တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ) ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ မဟာထေရ်မြတ်က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ်(၇၇)ရှိ YMBA အသင်းတိုက်ခန်းမ၌ မတ် ၂၅ရက်(စနေနေ့) ညနေ ၆နာရီမှ ၈နာရီအထိ ဟောကြားမည်ဖြစ်ရာ တရားနာကြွရောက်ရန် ဖိတ်ကြားထားသည်။ (၂၃)

## ချောက်မြို့နယ်အသင်း အစည်းအဝေးကျင်းပမည်

**ရန်ကုန် မတ် ၁၆**

ချောက်မြို့နယ်အသင်း(ရန်ကုန်)က ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန် ဆုချီးမြှင့်မည်ဖြစ်ရာ အမှတ်စာရင်းမိတ္တူကို မတ် ၂၃ရက် နောက်ဆုံးထား၍ အသင်းဒုဥက္ကဋ္ဌများဖြစ်ကြသည့် ဦးကျော်ဖေ ဖုန်း–၅၂၄၈၀၇၊ ဒေါက်တာမောင်မောင်မြင့် ဖုန်း–၂၄၀၅၄၄၊ အတွင်းရေးမှူး ဦးဌေးအောင် ဖုန်း–၂၉၃၄၂၀တို့သို့ ဆက်သွယ်ပေးပို့ကြရန်နှင့် ဧပြီ ၂ရက် နံနက် ၁၀နာရီတွင် ရွှေတိဂုံအရှေ့ဘက်မုခ် ကြားတောရလမ်းရှိ တရားရုံးချုပ် ဓမ္မာရုံ၌ကျင်းပမည့် သက်ကြီးပူဇော်ပွဲ၊ ထူးချွန်ပုဂ္ဂိုလ်ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် အကြိမ် ၂၀ မြောက် အသင်းနှစ်ပတ်လည်အစည်းအဝေးကို ချောက်မြို့နယ်သူ မြို့နယ်သားအားလုံး အသင်းဝင်သည်ဖြစ်စေ မဝင်ရသေးလျှင်ဖြစ်စေ ကြွရောက်ကြပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က–ပ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၁၇–၃–၂၀၀၆ (သောကြာနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၅ ၇။ အတီးပြိုင်ပွဲ
- ၈:၂၀ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၄:၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၁၀ ၆။ မြန်မာစာ မြန်မာစကား
- ၅:၂၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၅:၃၅ ၈။ **“စည်းကမ်းလိုက်နာ ဘေးကင်းမှာ” (ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့်) [ဒါရိုက်တာ–ခင်ဇော်၊ မြင့်စိုး ဝ/သ–ရန်ကုန်]**
- ၅:၄၅ ၉။ (၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရောင်စဉ်မေတ္တာ” (အပိုင်း–၁၄)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “နှင်းဆီအိပ်မက်” (အပိုင်း–၁၆)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

# အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်စစ်ဆေး ကျေးရွာအုပ်စုလုံးကျွတ် အသင်းဝင်အဆိုပြုလွှာများ လက်ခံ

ရန်ကုန် မတ် ၁၆

**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မတ် ၁၂ ရက် ညနေ ၄ နာရီတွင် မကွေးတိုင်း မြို့သစ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ကျေးရွာ၊ ရပ်ကွက် အသင်းစည်းရုံးရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။**

ရှေးဦးစွာမြို့သစ်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်သူနှင့် အလုပ်အမှုဆောင်များက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အသီးသီး တင်ပြကြသည်။

အတွင်းရေးမှူး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်အား အမျိုးသားရေးကိစ္စတစ်ရပ်အနေဖြင့် စည်းရုံးဆောင်ရွက်သွားရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရေး မှာကြားသည်။

အတွင်းရေးမှူး ဦးအောင်သောင်းသည် မတ် ၁၃ ရက် နံနက် ၈ နာရီတွင် မြို့သစ်မြို့နယ် မန်ကျည်းကုန်းကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း ကျင်းပသည့် မန်ကျည်းကုန်းကြီး ကျေးရွာအုပ်စုလုံးကျွတ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ မန်ကျည်းကုန်းကြီးကျေးရွာ ပြည်သူများကိုယ်စား စည်းရုံးရေးမှူး ဦးမောင်ထွေးက အသင်းဝင်အဆိုပြုလွှာ ၄၆၁ စောင်ကိုလည်းကောင်း၊ အင်းရွာကြီးကျေးရွာ ပြည်သူများ ကိုယ်စား စည်းရုံးရေးမှူး ဦးအောင်ကျော်တင့်က အသင်းဝင်အဆိုပြုလွှာ ၆၀၀ ကို လည်းကောင်း စုစုပေါင်း အသင်းဝင် အဆိုပြုလွှာ ၁၀၆၁ စောင်ကို ပေးအပ်ကြရာ အတွင်းရေးမှူး ဦးအောင်သောင်းက အဆိုပြုလွှာများကို လက်ခံသည်။

ထို့နောက် မန်ကျည်းကုန်းကြီးကျေးရွာ ပြည်သူများကိုယ်စား စည်းရုံးရေးမှူး ဦးမောင်ထွေးနှင့် အင်းရွာကြီးကျေးရွာ ပြည်သူများကိုယ်စား စည်းရုံးရေးမှူး ဦးအောင်ကျော်တင့်တို့က အသင်းဝင် အဆိုပြုလွှာ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အသင်းကြီးအနေဖြင့် မွန်မြတ်သန့်စင်သော ရည်ရွယ်ချက်များဖြင့် အမျိုးသားရေး ကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိရာ အသင်းဝင်များသည် မိမိတို့ရပ်ကွက်၊ ကျေးရွာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၌ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် နံနက် ၉ နာရီခွဲတွင် မကွေးတိုင်း နတ်မောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးမှူးများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ကျေးရွာစည်းရုံးရေးမှူးများက ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်သူများနှင့် အတူ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အရည်အချင်း အရည်အသွေးပြည့်ဝသော စည်းရုံးရေးမှူးကောင်းများဖြစ်ရန် လေ့ကျင့်ပျိုးထောင်ရေး၊ အသင်းဝင်အင်အားတိုးပွားရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး၊ အထူးသဖြင့် ခြံစည်းရိုးကြက်ဆူပင်များ တစ်အုပ်တစ်မ စိုက်ပျိုးရေးအတွက် ကျေးလက် ပြည်သူများနှင့်ပူးပေါင်း ပါဝင်ဆောင်ရွက်သွားရေး အသေးစိတ် ဆွေးနွေးမှာကြားသည်။



**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီး ဌာန ဝန်ကြီး ဦးအောင်သောင်း မကွေးတိုင်း နတ်မောက်မြို့နယ် ကျေးရွာအုပ်စုများမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာများကို လက်ခံစဉ်။**

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မွန်းတည့် ၁၂ နာရီတွင် နတ်မောက်မြို့နယ် ရွာမွန်ကျေးရွာရှိ ရွာမွန်ဝါကြိတ်စက်ရုံသို့ရောက်ရှိပြီး ဝါစေ့နှင့်ဝါခွဲခြင်း လုပ်ငန်းများကိုလည်းကောင်း ကြိတ်ခွဲပြီးဝါများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် မွန်းလွဲ ၁ နာရီတွင် မကွေးတိုင်း နတ်မောက်မြို့နယ် စိုင်းကောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်း အတွင်း၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာ ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ဆည်လည်ကျေးရွာအုပ်စု၊ ပန်းညိုကျေးရွာအုပ်စု၊ မြင်းတဲကြီး ကျေးရွာအုပ်စု၊ ဥယျာဉ် ကျေးရွာအုပ်စု၊ ရွာတော်ကျေးရွာအုပ်စု၊ ကျောက်တန်းကျေးရွာအုပ်စု၊ နဘူးကွဲကျေးရွာအုပ်စု၊ လှော်ချောင်း ကြီးကျေးရွာအုပ်စု၊ သစ်လုကွင်းကျေးရွာအုပ်စုနှင့် ရေငံကျေးရွာအုပ်စုတို့မှ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မန္တလေးတိုင်း ပျော်ဘွယ်မြို့သို့ရောက်ရှိပြီး မြန်မာ့အထည်အလိပ်လုပ်ငန်းမှ အကောင်အထည်ဖော်လျက်ရှိသော ချည်မျှင်စက်ရုံစီမံကိန်း(ပျော်ဘွယ်)၏ စီမံကိန်းမြေနေရာကို ကြည့်ရှုသည်။

ညနေပိုင်းတွင် ဝန်ကြီးသည် ရမည်းသင်းမြို့ ရွှေဓားရွာအနီးရှိ ဆပ်ပြာစက်ရုံသို့ရောက်ရှိ စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

(သတင်းစဉ်)



**မန္တလေးမြို့ရှိ မြန်မာ့အလင်း၊ ကြေးမုံ ကိုယ်ပွားသတင်းစာတိုက်တွင် မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့လေ့ကျင့်မှုပြုလုပ်စဉ်။**

(သတင်းစဉ်)

## ချင်းတွင်းအသင်း(ရန်ကုန်)နှစ် ၆၀ပြည့် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၆**

ချင်းတွင်းအသင်း(ရန်ကုန်)၏ ၂၀၀၆ခုနှစ် နှစ်(၆၀)ပြည့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သက်ကြီး၊ နာယကပူဇော်ပွဲ၊ ဘွဲ့ထူး/ဂုဏ်ထူးရပုဂ္ဂိုလ်များ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးနှစ်ဘာသာနှင့်အထက်အောင်မြင်ကြသော ကျောင်းသား၊ကျောင်းသူများ ဂုဏ်ပြုပွဲကို မတ် ၁၈ရက်နံနက် ၉နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်း မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## ပုသိမ် အထက (၁)၊(၂)၊(၃) ကျောင်းသားဟောင်းများ (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၆**

ပုသိမ်မြို့၊ အထက (၁)၊(၂)၊(၃) မှအသက်(၇၅)နှစ်ပြည့်ပြီး ရန်ကုန်မြို့နေ ဆရာ၊ဆရာမများအား ကျောင်းသား၊ကျောင်းသူဟောင်းများက အာစရိယပူဇော်ပွဲကို မတ် ၁၉ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီ၌ ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ဧရာဝတီတိုင်းခန်းမရုံတွင် ကျင်းပမည်။

အလှူငွေများကို ဦးဘအေး ဖုန်း-၆၆၁၆၈၅၊ဦးတင်လှိုင်ဦး ဖုန်-၅၂၇၃၁၂၊ ဦးမြင့်ဦး ဖုန်း-၃၈၁၃၆၁၊ ဦးအောင်သန်း ဖုန်း-၀၉-၅၁၂၃၀၇၂နှင့် ဦးခင်မောင်ဝင်း ဖုန်း-၅၄၉၀၄၂တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ကိုယ်ပွားသတင်းစာတိုက် မီးဘေးကာကွယ်ရေးလေ့ကျင့်

**ရန်ကုန် မတ် ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း၊ ကြေးမုံကိုယ်ပွားသတင်းစာတိုက်နှင့် အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့ ဆောင်ရွက်လေ့ကျင့်ခြင်း အခမ်းအနားကို မတ် ၁၀ရက် ညနေ ၃နာရီတွင် အဆိုပါ ကိုယ်ပွား သတင်းစာတိုက်ရုံးရှေ့မျက်နှာစာ၌ ကျင်းပရာ စာတည်းမှူး ဦးညွန့်ဖေနှင့် တာဝန်ရှိသူများ၊ ကိုယ်ပွားသတင်းစာတိုက်(သီးသန့်)မီးသတ်တပ်ဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများ၊ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးစိုးသန်း၊ ပုလဲငွေရောင်ရပ်ကွက် အရန်မီးသတ်စခန်း တာဝန်ခံတပ်စုမှူး ခင်မောင်သိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

## ဓားပြအဖွဲ့တစ်ဖွဲ့ ရေဖြူမြို့နယ် ရေး-ထားဝယ်ကားလမ်း၌ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်၊ ခရီးသည်များထံမှ ရွှေ၊ ငွေပစ္စည်းများ လုယက်ထွက်ပြေး

ရန်ကုန် မတ် ၁၆

**တနင်္သာရီတိုင်း ထားဝယ်မြို့မှ မော်လမြိုင်မြို့သို့ ထွက်ခွာလာသော ခရီးသည်တင် မှန်လုံယာဉ် (၄ခ/၆၂၉၉)နှင့် ခရီးသည်တင် ဟိုင်းလပ်ကား (၁က/၂၉၇၇)တို့သည် မတ် ၁၅ရက် နံနက်၉နာရီ၄၅မိနစ်ခန့်တွင် ရေဖြူမြို့နယ် ရေး-ထားဝယ်ကားလမ်း မိုင်တိုင်အမှတ်(၇၉) မလွှဲတောင်အနီးအရောက်၌ ချမ်းဒိန်ဦးစီးသည့် မွန်ဓားပြရှစ်ဦးတို့က ယာဉ်များကို ရပ်တန့်စေပြီး လက်နက်ငယ်များဖြင့် ခြိမ်းခြောက်ကာ ခရီးသည်များထံမှ ရွှေ၊ ငွေ လက်ဝတ်ရတနာများနှင့် ငွေကြေးများကို ဓားပြတိုက် လုယက်ခဲ့ကြသည်။**

ယင်းသို့ ဓားပြတိုက်လုယက်မှုဖြစ်ပွားနေစဉ် ထားဝယ်ဘက်မှ မော်တော်ဆိုင်ကယ် သုံးစီးဖြင့် ရောက်ရှိလာသူများသည် ဓားပြတိုက်နေသည်ကို တွေ့ရှိသဖြင့် နောက်ကြောင်းပြန်လှည့်၍ မောင်းနှင်ထွက်ပြေးကြရာ ဓားပြများက လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ရေးမြို့နေ မောင်ရွှေသွေး(၂၅)နှစ်နှင့် ကုလားလေး(၂၀)နှစ် (နေရပ်စုံစမ်းဆဲ)တို့နှစ်ဦး လက်နက်ငယ်ကျည်ထိမှန်၍ သေဆုံးသွားသည်။

ထို့နောက် ဓားပြများသည် ခရီးသည်များထံမှ ရွှေ၊ ငွေလက်ဝတ်ရတနာများ လုယက်ယူငင်ပြီး ကားလမ်းအနောက်ခြမ်းသို့ ထွက်ပြေးသွားကြသည်။

အကြမ်းဖက် ခိုးဆိုးလုယက်သူ ဓားပြများသည် ပြည်သူများ၏ စည်းစိမ်ပစ္စည်းဥစ္စာများကို လုယက်ယူငင်ရုံသာမက သေကြေဒဏ်ရာရရှိစေရန် ရက်စက်ယုတ်မာစွာ ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါဓားပြအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် နယ်မြေခံတပ်မတော် စစ်ကြောင်းများ၊ ရဲတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေ ရှင်းလင်းလျက်ရှိသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၇-၃-၂၀၀၆ (သောကြာနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ဆီးချို၊သွေးချိုရောဂါ အကြောင်းဟောပြောချက် (အပိုင်း-၃) |
| ၇း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၇း၃၀ | တေးဂီတအစီအစဉ် |
| ၇း၃၅ | Myanmar Video Rhythm |
| ၈း၁၅ | ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက်စပါးခွံဓာတ်ငွေ့ သုံးစက် |
| ၈း၂၅ | တေးဂီတအစီအစဉ် |
| ၈း၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၄၀ | ဝင်ငွေတိုးစေးဖို့တီလားပီးယားငါးမွေးကြစို့ |
| ၈း၅၅ | တေးဂီတအစီအစဉ် |
| ၉း၀၀ | Management Talk (ဦးမျိုးမြတ်သူ၊ဦးအေးကျော်) |
| ၉း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၄၀ | တေးဂီတအစီအစဉ် |
| ၉း၄၅ | သဖန်းဆိပ်ဘက်စုံရေလှောင်တမံ |
| ၉း၅၅ | အမှတ်(၃)သတ္တုတွင်လုပ်ငန်း |
| ၁၀း၁၀ | တေးဂီတအစီအစဉ် |
| ၁၀း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၂၅ | မြန်မာ့ဂုဏ်ကိုဆောင်စေကြောင်း မြန်မာ့တူရိယာစောင်း |
| ၁၀း၃၅ | တေးဂီတအစီအစဉ် |
| ၁၀း၄၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၅ | သံချည်သံကွေးအတတ်ပညာ (အပိုင်း-၁) |
| ၁၁း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၅ | (၁၀)လက်မရော်ဘာကြိတ်လုံးစပါးအခွံချွတ်စက် |
| ၁၁း၁၅ | တေးဂီတအစီအစဉ် |
| ၁၁း၂၀ | Aikido လေ့ကျင့်မှုဆိုင်ရာနည်းစနစ်များ |
| ၁၁း၄၅ | တေးဂီတအစီအစဉ် |
| ၁၁း၅၀ | စားသုံးသူပြည်သူများ အကျိုးပြုရန်သမဝါယမများက ဖြည့်ဆည်းစီမံ |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

# မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှု ပပျောက်ရေးဆိုင်ရာ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ၊ ပိုစတာပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၁၆

**မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၀၆ ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ၊ ပိုစတာပြိုင်ပွဲများ ကျင်းပမည်ဖြစ်၍ စာမူနှင့် လက်ရာများကို ဖိတ်ခေါ်ထားသည်။**

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များမှာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၀၆ ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှုပပျောက်ရေး ဦးတည်ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံးရေးဆွဲ၊ ရိုက်ကူးရမည့် ဦးတည်ချက်ဆောင်ပုဒ်များမှာ မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်၊ တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှု၊ မူးယစ်ကင်းစင်အလှဆင် ဟူ၍ဖြစ်သည်။

ဝတ္ထုတိုပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူပေါင်းနှစ်စောင် တင်သွင်းရမည်။ စာလုံးရေကန့်သတ်ချက်မှာ ၃၀၀၀မှ ၅၀၀၀အတွင်းဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူပေါင်းနှစ်စောင် တင်သွင်းရမည်။ စာလုံးရေကန့်သတ်ချက်မှာ ၃၀၀၀မှ ၅၀၀၀အတွင်းဖြစ်သည်။

တေးသီချင်းပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ တစ်ဦးချင်း (သို့မဟုတ်)အဖွဲ့နှင့် သီဆိုနိုင်သော တေးသီချင်းဖြစ်ပြီး ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ်တေးသွား သီချင်းသစ်ဖြစ်ရမည်။ သံစဉ်ရော စာသားပါ အကြောင်းအရာ တင်ပြပုံ၊ ဦးတည်ချက်မှန်ကန်၍ စကားလုံး ကျစ်လျစ်ထိရောက်ရမည်။ ပြိုင်ပွဲဝင်မည့် တေးသီချင်းကို ကက်ဆက်ခွေဖြင့်အသံသွင်းပြီး ပြိုင်ပွဲဝင် တစ်ဦးလျှင် တေးသီချင်းတစ်ပုဒ်သာ ယှဉ်ပြိုင်ခွင့်ပြုမည်။ ပြိုင်ပွဲဝင်မည့် အပြီးသတ် အချောသွင်းထားပြီးဖြစ်သော ကက်ဆက်ခွေ Master သို့ CD Master နှင့်အတူ စာသားကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ မိတ္တူနှစ်စောင်ကို ဂီတသင်္ကေတ မူရင်းတစ်ရွက်နှင့်အတူ ပေးပို့ရမည်။

ကဗျာပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းမိတ္တူပေါင်း နှစ်စောင်တင်သွင်းရမည်။ ပြိုင်ပွဲဝင်ကဗျာသည် စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀မှ ၁၀၀ အတွင်းရှိရမည်။

ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲနှင့်ပတ်သက်၍ အသက်(၁၀)နှစ်အောက်၊ (၁၀)နှစ်မှ (၁၅)နှစ် အောက်၊ (၁၅)နှစ်မှ (၂၀)နှစ်အောက်၊ အသက်(၂၀)နှစ်အထက် ဟူ၍ (၄)ဆင့် ယှဉ်ပြိုင်ခွင့်ပြုသည်။ အသက်အထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် ပြည်နယ်/တိုင်း မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များက ဦးစီးကျင်းပမည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရမည်။ ရေးဆွဲမည့် စက္ကူယူလာရန် မလို၊ နှစ်သက်ရာဆေးကိုယူလာပြီး နှစ်သက်ရာရေးနည်းဖြင့် သရုပ်ဖော်ရေးဆွဲ၍ အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။

ဓာတ်ပုံပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်သာထားရှိ၍ ပြိုင်ပွဲဝင်တစ်ဦးလျှင် (၁၀ X၁၄) လက်မအရွယ် ဆေးရောင်စုံဓာတ်ပုံလေးပုံအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ မိမိကိုယ်တိုင် ရိုက်ကူးထားသောပုံဖြစ်ရမည်။ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော ပုံမဖြစ်စေရ၊ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် အထူးဆုနှစ်ဆုအထိသာ ခံစားခွင့်ရှိသည်။ (မှတ်ချက်။ ပြိုင်ပွဲဝင်ဓာတ်ပုံများ၏ နောက်ကျောတွင် ဓာတ်ပုံပညာရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးပြီး ဆုမရရှိဖူးသေးကြောင်း ဝန်ခံချက်ကို ဓာတ်ပုံတစ်ပုံချင်း၏ နောက်ကျောတွင် ရေးသားလက်မှတ်ရေးထိုး၍ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းတို့ကို ပူးတွဲလျက်ပေးပို့ရမည်။)

ကွန်ပျူတာပန်းချီပြိုင်ပွဲကို ပြည်နယ်/တိုင်းအလိုက် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ဟူ၍ နှစ်ဆင့်ခွဲ၍ ကျင်းပရမည်ဖြစ်ပြီး အထက်တန်းအဆင့်အတွက် ၈၊ ၉၊ ၁၀တန်း ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အလယ်တန်းအဆင့်အတွက် ၅၊ ၆၊ ၇တန်း ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်၍ အောက်ပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲကို IBM ကွန်ပျူတာအမျိုးအစားဖြင့် ရေးဆွဲရန်၊ (Software Programme ကို Corel-draw , photoshop, Clarif office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်သည်။) ရေးဆွဲချိန် နှစ်နာရီသတ်မှတ်ရန်၊ လေဆာဓာတ်ပြား CD ဖြင့်ကူးယူ၍ ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရမည်။

ရန်ကုန်တိုင်းအတွင်းမှ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ကွန်ပျူတာတက္ကသိုလ် (လှိုင်နယ်မြေ) ၌ ၂၂-၅-၂၀၀၅ ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ ကျင်းပသွားမည်။

ကွန်ပျူတာ ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲကို ပြည်နယ်/တိုင်းများတွင် အသက် ၁၅နှစ်အထက် အလွတ်တန်း တစ်တန်းတည်း ပြိုင်ပွဲဝင်တစ်ဦးလျှင်တစ်ပုံသာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကွန်ပျူတာ ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲဝင် CD များကို ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရမည်။

ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်တစ်ဦးလျှင် စာမူတစ်စောင်သာ တင်သွင်းနိုင်ပြီး ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ ပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။

ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲဝင်များအနေဖြင့် ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင်ရေးဆွဲခြင်းဖြစ်ကြောင်း မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက် စသည်တို့ကို ပူးတွဲပေးပို့ရမည်။

ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲအတွက် ပြည်နယ်/တိုင်းများမှ ဝင်ရောက်ယှဉ်ပြိုင်သူများသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် ပြည်နယ်/တိုင်းအလိုက် ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ ပြည်နယ်/တိုင်းများအနေဖြင့် သင့်လျော်သည့် နေ့ရက်သတ်မှတ်ပြီး ကျင်းပကြရမည်။

ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲအတွက် ရန်ကုန်တိုင်းမှ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများအတွက် ပြိုင်ပွဲကျင်းပမည့် နေ့ရက်၊ အချိန်နှင့် နေရာကို အချိန်မီ ထုတ်ပြန်ပေးသွားမည်။

ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများ၊ တေးသီချင်းများနှင့် ဓာတ်ပုံများကို ဒုတိယရဲမှူးကြီးမြမြ မူးယစ်ဗဟိုရုံး ပြည်ထဲရေးဝန်ကြီးဌာန (ဆရာစံလမ်းနှင့် စက်မှု-၁-လမ်းထောင့်) ရန်ကုန်မြို့သို့လိပ်မူ၍ ပြိုင်ပွဲအလိုက် သတ်မှတ်နေ့ရက်များအရောက် တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာလက်ရာများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် အထက်ပါလိပ်စာအတိုင်း သတ်မှတ်နေ့ရက် အရောက်ပေးပို့ရမည်။

ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများကို မူးယစ်ဗဟိုရုံးသို့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည့် နေ့ရက် သတ်မှတ်ချက်များမှာ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာကို ၂၀-၅-၂၀၀၆ ရက်အရောက်၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာကို ၂၅-၅-၂၀၀၆ နေ့အရောက်၊ တေးသီချင်းကို ၂၂-၅-၂၀၀၆ အရောက်ဖြစ်သည်။

စာမူတေးသီချင်းလက်ရာများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသော စာမူနှင့် လက်ရာများကို ၂၀၀၆ ခုနှစ် ဇွန် ၁၈ရက်တွင် ကြေညာ၍ ပထမ၊ဒုတိယ နှင့် တတိယဆုရသူများကို မူးယစ်ဗဟိုသို့ ဖိတ်ခေါ်ပြီး ၂၀၀၆ ခုနှစ် ဇွန် ၂၆ရက်တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည်ဖြစ်သည်။ အထူးဆုရရှိသူများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်းများမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားများတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

ရွေးချယ်ခြင်းမခံရသော စာမူများ၊ လက်ရာများ၊ တေးသီချင်းများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

**မှတ်ချက်။** ။မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှုပပျောက်ရေးကို ဦးတည် ချက်ဆောင်ပုဒ်များ သတ်မှတ်ထားသော်လည်း မူးယစ်ဆေးဝါးပပျောက်ရေးကို ဦးတည်သည့် မည်သည့် သီကုံးရေးဆွဲ ရိုက်ကူးမှုကိုမဆို လွတ်လပ်စွာ ပြုလုပ်နိုင်ကြကြောင်း အဆိုပါစည်းကမ်းချက်များတွင် ဖော်ပြထားသည်။

(သတင်းစဉ်)



## ကလေးဆေးရုံသို့ မိဘဂုဏ်ရည်အဖွဲ့ သွေးလှူဒါန်း

**ရန်ကုန် မတ် ၁၆**

ရန်ကုန်ကလေးဆေးရုံကြီးသို့ သွေးသွင်းကုသရေးကော်မတီမှ စည်းရုံးမှုအနေဖြင့် လှိုင်သာယာမြို့နယ် မိဘဂုဏ်ရည်သွေးလှူရှင်များအဖွဲ့မှ သွေးလှူရှင် ၄၀ သည် နဝမအကြိမ်စုပေါင်းသွေးလှူဒါန်းပွဲအဖြစ် ယနေ့နံနက် ၉နာရီခွဲကရန်ကုန်ကလေးဆေးရုံကြီးသွေးလှူဘဏ်သို့ လာရောက်သွေးလှူဒါန်းကြသည်။ **(အပေါ်ပုံ)**

၎င်းသွေးလှူရှင်များအတွက် လိုအပ်သော အကူအညီအထောက်အပံ့များကို ဦးသူရိန်မြင့်ရွှေ၊ ဒေါ်စန္ဒာတင်ထွန်းမိသားစု (ဇော်ဂျီပရီးမီးယားကုမ္ပဏီလီမိတက်) က တာဝန်ယူလှူဒါန်းကြောင်းသိရသည်။ (ကလေးဆေးရုံကြီး)

## အကြမ်းဖက်အဖျက်သမား ထောင်ထားသော လူသတ်မိုင်းတစ်လုံး လှိုင်ကော်မြို့ နှစ်ထပ်ဈေးရှိ စားသောက်ဆိုင်၌ သိမ်းဆည်းရမိ

**ရန်ကုန် မတ် ၁၆**

လှိုင်ကော်မြို့ ဈေးပိုင်းရပ်ရှိ နှစ်ထပ်ဈေးအပေါ်ထပ်၌ ဖွင့်လှစ်ထားသည့် ဗီးနပ်စ်စားသောက်ဆိုင်အတွင်း မတ် ၁၅ရက် ည ၉နာရီခန့်တွင် မသင်္ကာဖွယ် ကျောပိုးအိတ်တစ်လုံး ကျန်ရှိနေကြောင်း သတင်းအရ တာဝန်ရှိသူများက ဖွင့်လှစ်စစ်ဆေးရာ အိတ်အတွင်းမှ ဓာတ်ဆီသုံးပုလင်းခန့်ထည့်ထားသော ပုံးနှစ်လုံးနှင့်ပူး၍ချည်ထားသည့် လူသတ်မိုင်းတစ်လုံးကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားတို့သည် ရပ်ရွာအေးချမ်းသာယာရေးကို ပျက်စီးစေရန်၊ ပြည်သူများ သေကြေဒဏ်ရာရရှိစေရန်နှင့် အထိတ်တလန့်ဖြစ်စေရန် မိုင်းထောင်ဖောက်ခွဲမှုများကို ကျူးလွန်လုပ်ဆောင်လျက်ရှိရာ ယခုကဲ့သို့ ပြည်သူများဝင်ထွက်သွားလာစားသောက်သည့် စားသောက်ဆိုင်၊ ဈေးဆိုင်တန်း၌ ပေါက်ကွဲမှုဖြစ်စေရန် လူသတ်မိုင်းထောင်ခြင်းမှာ ရက်စက်ယုတ်မာသော ကျူးလွန်မှုဖြစ်သည်။ လူသတ်မိုင်းထောင်သည့် အကြမ်းဖက်အဖျက်သမားကို ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူလူထုတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၇-၃-၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိုင်းနှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၂၀** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၃၀** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၄၀** ၆။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၄၅** ၈။သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၂၅** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၃။ **ကာတွန်းအစီအစဉ် "ပါကျဲ" (အပိုင်း-၁၉)**
- **၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ထုံးရယ်မပြယ်" (အပိုင်း-၂၄)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားစီရင်ထုံး" (အပိုင်း-၁၈)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိုင်းနှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။



## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေလှူဒါန်း

**ရန်ကုန် မတ် ၁၆**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ မြန်မာဗုဒ္ဓဘာသာဘုန်းကြီးကျောင်းမှ ဆရာတော် ဦးစန္ဒိမာနှင့် တရားအားထုတ်နေကြသော ကိုရီးယားဒါယကာ၊ ဒါယိကာမများက မတ် ၁၄ရက်တွင် ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ဆယ်သိန်း လာရောက်လှူဒါန်းကြသည်။

ဆရာတော် ဦးစန္ဒိမာသည် ယမန်နှစ်က မြန်မာနိုင်ငံသို့ လာရောက်၍ ခေတ္တသီတင်းသုံးစဉ် ကျန်းမာရေးချို့တဲ့သဖြင့် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသခံယူခဲ့ပြီး ရောဂါသက်သာပျောက်ကင်းခဲ့သည်။

ထို့ကြောင့် ဒါယကာ၊ ဒါယိကာမများနှင့်အတူ ပြန်လည်လာရောက်လှူဒါန်းခြင်းဖြစ်သည်။ လှူဒါန်းငွေကို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစားသံအမတ်ကြီး)က လက်ခံယူသည်။ **(အပေါ်ပုံ)** (က-ပ)



## ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ရွှေစင်ရွှေပြားကပ်လှူရန် ငွေလှူဒါန်း

**ရန်ကုန် မတ် ၁၆**

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်တွင် ဆောင်ရွက်လျက်ရှိသော ဘက်စုံမွမ်းမံပြုပြင်ခြင်းလုပ်ငန်းများတွင် ပါဝင်သောလုပ်ငန်းဖြစ်သည့် ရွှေစင်ရွှေပြားသက်န်းကပ်လှူပူဇော်ရန်အတွက် စစ်ကိုင်းတိုင်း ကောလင်းမြို့နေ ဦးသန်းမောင်-ဒေါ်ခင်သက်တင်မိသားစုက ကွယ်လွန်သူမိဘနှစ်ပါးဖြစ်သော ဦးကျော်-ဒေါ်ညွန့်နှင့် မောင်ဖြစ်သူ ဦးလှအောင်တို့အားရည်စူး၍ အလှူငွေကျပ် ၃၆၈၅၀၀ ကို ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော် ဂေါပက အကျိုးတော်ဆောင် ဦးဆန်းထံသို့ မတ် ၁၅ ရက်က လှူဒါန်းသည်။ **(အပေါ်ပုံ)**

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအတွက် အလှူငွေများလှူဒါန်းလိုပါက ဦးဆန်း အမှတ် ၂၁ ပန်းခြံလမ်း (စမ်းချောင်းမီးသတ်အနီး) စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၀၀၁၇၈၅ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ လီဗာပူးအနိုင်ရ၊ ဖူလ်ဟမ်ရှုံး

**လန်ဒန် မတ် ၁၆**

ဗုဒ္ဓဟူးနေ့ကကျင်းပသည့် အင်္ဂလန်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် လီဗာပူးအသင်းက ဖူလ်ဟမ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ရော်ဘီဖောင်လာသည် ပြီးခဲ့သည့် ဇန်နဝါရီလက ၎င်း၏ဇာတိမြေ လီဗာပူးမြို့ရှိ လီဗာပူးကလပ်အသင်းတွင် ပြန်လည်ပါဝင်ကစားခဲ့ပြီးချိန်နောက်ပိုင်း ၎င်းအတွက် ပထမဆုံးသော ဂိုးကိုသွင်းယူနိုင်ခဲ့သည်။

ရော်ဘီဖောင်လာသည် ခြောက်လသက်တမ်းရှိ ကန်ထရိုက်စာချုပ်အရ မန်ချက်စတာစီးတီအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့လာခဲ့ချိန်နောက်ပိုင်း ဂိုးသွင်းနိုင်ခဲ့ခြင်းမရှိဘဲ ယခုပွဲတွင်မှ လီဗာပူးအသင်းအတွက် ပထမဆုံးအကြိမ် ဂိုးသွင်းနိုင်ခြင်းဖြစ်သည်။

ပွဲချိန် ၁၆မိနစ်တွင် ဖောင်လာက ဂိုးသွင်းနိုင်ခဲ့ပြီးနောက် လီဗာပူးအသင်းမှာ ဖူလ်ဟမ်အသင်းကို ဂိုးအပြတ်အသတ်ဖြင့် အနိုင်ရရှိရန် ဦးတည်နေခဲ့သည်။ လီဗာပူးအသင်း အနိုင်ရရှိမှုနှင့်အတူ အမှတ်ပေးဇယားတွင် ဒုတိယနေရာ၌ ရှိနေသော မန်ချက်စတာယူနိုက်တက်အသင်းနှင့် အမှတ်ကွာဟမှုမှာ နှစ်မှတ်သာဖြစ်သည်။

လီဗာပူးအသင်းသည် ပွဲပေါင်း ၃၀ကစားခဲ့ခြင်းဖြင့် ၅၈မှတ်ရရှိကာ အမှတ်ပေးဇယား၌ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ ၂၈ပွဲကစားခဲ့သော မန်ချက်စတာယူနိုက်တက် အသင်းမှာမူ အမှတ် ၆၀ရရှိထားပြီး ချယ်လ်ဆီးအသင်းမှာ ၇၅မှတ်ရရှိထားသည်။

ဖောင်လာကအဖွင့်ဂိုး ဂိုးသွင်းနိုင်ခဲ့ပြီးနောက် ဖူလ်ဟမ်မှ ကောလင်းစ်ဂျွန်က ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၂၅မိနစ်တွင် သွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၃၄မိနစ်တွင် ဖူလ်ဟမ်အသင်းမှ ဘရောင်းကကိုယ့်ဂိုးကိုယ်သွင်းမိပြီး ပွဲချိန် ၇၁မိနစ်၊ ၈၉မိနစ်နှင့် မိနစ်၉၀တို့တွင် မော်ရင်တေး၊ခရပ်ချ်နှင့် ဝါးနော့ခ်တို့က လီဗာပူးအသင်းအတွက် ဂိုးများအသီးသီး သွင်းယူခဲ့ကြသည်။ အမ်အင်အေ၊ရိုက်တာ။



**မတ် ၁၄ ရက်က အင်္ဂလန်လီဗာပူးရှိ အန်းဖီးလ်ကွင်းတွင်ကျင်းပသော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် လီဗာပူးအသင်းမှ ရော်ဘီဖောင်လာ(ယာ) ဂိုးသွင်းနိုင်ခဲ့ပြီးနောက် အသင်းဝင်များနှင့်အတူ အောင်ပွဲခံနေစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror

**ပြည်ပအားကစား သတင်းများ**

## အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ မန်စီးတီးအသင်း ကွာတားတက်

**မန်ချက်စတာ မတ် ၁၆**

အင်္ဂါနေ့က ကျင်းပသော အက်ဖ်အေဖလား ပဥ္စမအကျော့ပြန်လည်ကစားသည့်ပွဲတွင် မန်ချက်စတာစီးတီးအသင်း တိုက်စစ်မှူးဂျော့စ်ဂို့စ်ဆမ်မာရက်စ်၏ ပွဲသိမ်းဂိုးနှင့်အတူ အက်စ်တွန်ဗီလာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ မန်စီးတီးအသင်းသည် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ပြီဖြစ်သည်။



**မတ် ၁၄ ရက်ကကျင်းပသော အက်ဖ်အေဖလား ပဥ္စမအကျော့ပြန်လည်ကစားသည့်ပွဲတွင် အက်စ်တွန်ဗီလာအသင်းမှ အာရွန်ဟပ်ဖက်စ်(ဝဲ)နှင့် မန်စီတီးအသင်းမှ ဒါးရီးယပ်စ်ဗက်ဆဲလ်တို့ ဘောလုံးယှဉ်လုနေကြစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

### စတုတ္ထမြောက်ဂိုး

မန်ချက်စတာစီးတီးအသင်း၏တိုက်စစ်မှူးဆမ်မာရက်စ်သည် ရှစ်ပွဲအတွင်း စတုတ္ထမြောက်ဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ကွာတားဖိုင်နယ်ပွဲအဖြစ် မန်ချက်စတာစီးတီးအားကစားကွင်းတွင် လာမည့်တနင်္လာနေ့၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မန်းစီးတီးအသင်းသည် ကွာတားဖိုင်နယ်အသင်းသို့ တက်လှမ်းနိုင်ခြင်းမှာ ၁၃နှစ်တာ ကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

ဂရိလူမျိုးနိုင်ငံတကာ ဘောလုံးသမားဆမ်မာရက်စ်သည် ပြီးခဲ့သည့် ဇန်နဝါရီလက ဒတ်ချ်ကလပ်အသင်းဖြစ်သော ဟီရင်ဗီးအသင်းမှ မန်စီတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

### အနိုင်ဂိုး

ပွဲချိန်၁၇မိနစ်တွင် ဆမ်မာရက်စ်က အဖွင့်ဂိုးသွင်းယူခဲ့ပြီးနောက် မန်ချက်စတာစီးတီးအသင်းအတွက် အနိုင်ဂိုးကို တိုက်စစ်မှူးဒါးရီးယပ်စ် ဗက်ဆဲလ်က သွင်းယူခဲ့သည်။

ပွဲချိန် ၈၅မိနစ်တွင် အက်စ်တွန်ဗီလာအသင်းမှ ကွင်းလယ်ကစားသမား စတီဗင်ဒေးဗစ်က ချေပဂိုးသွင်းယူခဲ့သည်။

### အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်ဇယား

| | | |
|---|---|---|
| ချာလ်တန် | – | မစ်ဒယ်ဘရော့ |
| မန်စီတီး | – | ဝက်စ်ဟမ်း |
| ချယ်လ်ဆီး | – | နယူးကာဆယ်ယူနိုက်တက် |
| ဘာမင်ဂမ် | – | လီဗာပူး |

အင်တာနက်။

## ဆဋ္ဌဂံဓာတ်ကားဆက်လက်ပြသ

ကြေးမုံ ရုပ်ရှင်

**ရန်ကုန် မတ် ၁၆**

ယခုသောကြာပတ် မတ် ၁၇ရက်တွင် မြန်မာရုပ်ရှင်ကားသစ် ရုံတင်နိုင်ခြင်းမရှိဘဲ ပြသဆဲမြန်မာ ရုပ်ရှင်ကား ဆဋ္ဌဂံဓာတ်ကားသာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသသည်။

**ဆဋ္ဌဂံ**

အမျိုးသားစာပေဆုရ စာရေးဆရာမ မစန္ဒာ၏ဝတ္ထုကို ဒါရိုက်တာကြည်စိုးထွန်း ဓာတ်ညွှန်းရေးသားပြီး ချမ်းသာကြည်စိုးနှင့် တွဲဖက်ရိုက်ကူးထားသည့် ဆဋ္ဌဂံဓာတ်ကားမှာ အလွှာအသီးသီးမှ ပြဿနာမျိုးစုံ ကြုံတွေ့နေရသည့် ကိုယ်ဝန်ဆောင် အမျိုးသမီးများ၏ အဖြစ်သနစ်စုံကို ရုပ်ရှင်အနုပညာဖြင့် ပီပြင်စွာရိုက်ကူးခြယ်မှုန်းထားနိုင်သည့်အတွက်ပရိသတ်အားပေးမှု တိုးတက်နေဆဲ ဓာတ်ကားတစ်ကားဖြစ်သည်။ လွင်မိုး၊ ဝေဠုကျော်၊ သျှားညို၊ သျှမ်းထက်၊ ရွှေသွေး၊ ချမ်းသာကြည်စိုး၊ ထွန်းထွန်းဝင်း၊ သုမောင်၊ ထွန်းအိန္ဒြာဗို၊ မြင့်မြင့်ခိုင်၊ စိုးမြတ်နန္ဒာ၊ ခင်ဇာခြည်ကျော်၊ မျိုးသန္တာထွန်းနှင့် ဆုရွှန်းလဲ့တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

**ဆဋ္ဌဂံ**

**ပြသဆဲ မြန်မာဓာတ်ကား ဆဋ္ဌဂံမှ ဓာတ်ဝင်ခန်းတစ်ခန်းကို ရှုစားရစဉ်။**

**နိုင်ငံခြားရုပ်ရှင်**

ရွှေဆောင်ရုံတွင် ပြသဆဲလူငယ်ကြိုက် ကင်းကောင်ဓာတ်ကားဆက်လက်ပြသနေပြီး နေပြည်တော်ရုံတွင် နိုင်ငံခြားဓာတ်ကားသစ် The Cave ပြသသည်။ ရေငုပ်နိုင်၊မိုးပျံနိုင်သည့်ထူးဆန်းသော သတ္တဝါတစ်မျိုးနှင့် ကြုံတွေ့ရသည့် ဇီဝဗေဒပညာရှင်တစ်ဦးနှင့် အဖွဲ့ဝင်များ၏ စွန့်စွန့်စားစား အသက်ဘေးအတွက် ရုန်းကန်လှုပ်ရှားရပုံကို သည်းထိတ်ရင်ဖိုဖြစ်ဖွယ် ရိုက်ကူးထားသည့် သိပ္ပံပညာအသားပေး ဓာတ်ကားတစ်ကားဖြစ်သည်။ (ကြေးမုံ)





### — ရှင်းလင်းတင်ပြ —

**ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျိုက်ထိုမြို့နယ် ကံ့ကော်ရပ်ကွက် လေးလက်မစက်ရေတွင်း တူးဖော်ပြီးစီးမှုလုပ်ငန်းကို မတ် ၁၄ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ရှင်းလင်းတင်ပြစဉ်။**
(မြို့နယ်စည်ပင်)



ကချင်ပြည်နယ်မှ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံရသော သံဃာတော် ၁၀ပါးနှင့် လူပုဂ္ဂိုလ်နှစ်ဦးတို့အား ဂုဏ်ပူဇော်သဘင်ဂုဏ်ပြုပူဇော်ပွဲကို မတ် ၁၅ရက်က မြစ်ကြီးနား၊ ဗန်းမော်၊ မိုးကောင်းအသင်း (ရန်ကုန်) ဦးစီး၍ ရွှေတိဂုံဘုရား တောင်ဘက်ကျောက်စိမ်းတွင်းဓမ္မာရုံတွင် ကျင်းပရာ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီလဝံသထံ ဘုရားတည်ရာတွင်အသုံးပြုရန် အလှူငွေကျပ်လေးသိန်းကို သုဓမ္မသီဂိ ဒေါ်နုနုငယ် ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

# နွေရာသီ မြားပစ်သင်တန်းဖွင့် သင်တန်းသား ၆၂ဦး တက်ရောက်

**ရန်ကုန် မတ် ၁၆**

မျိုးဆက်သစ် လူငယ်အားကစားသမားများ ပေါ်ထွက်လာရေး၊ ကျောင်းသား လူငယ်လူရွယ်များ နွေရာသီကျောင်းအားလပ်ရက်တွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် အားကစားကို စိတ်ဝင်စားလာပြီး ကျန်းမာကြံ့ခိုင်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီ မြားပစ်သင်တန်းကို မတ် ၁၄ ရက်မှစ၍ ကျိုက္ကဆံကွင်းရှိ အဖွဲ့ချုပ်လေ့ကျင့်ရေးကွင်းတွင် သင်ကြားပို့ချလျက်ရှိသည်။

အဆိုပါ နွေရာသီ မြားပစ်သင်တန်းသို့ အမျိုးသား ၅၀၊ အမျိုးသမီး ၁၂ဦး စုစုပေါင်း ၆၂ဦး တက်ရောက်သင်ကြားနေပြီး သင်တန်းနည်းပြများအဖြစ် ဒေါ်မြတ်သူဇာမြင့်၊ ဒေါ်သီသီဝင်းနှင့် ဦးအောင်သူရတို့က သင်ကြားပေးလျက်ရှိသည်။

သင်တန်းကြီးကြပ် တာဝန်ခံများအဖြစ် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)နှင့် အုပ်ချုပ်ရေးမှူး ဦးသန်းကြိုင်တို့က ဆောင်ရွက်ကြသည်။ ယင်းသင်တန်းသား၊ သင်တန်းသူများကို နံနက် ၇နာရီခွဲမှ ၉နာရီခွဲအထိ တစ်ပတ်လျှင် ခြောက်ရက်သင်ကြားပေးလျက်ရှိသည်။ ထိုသင်တန်းသား၊ သင်တန်းသူများမှာ အထက (၃) တာမွေမှ သတ္တမတန်း၊ အဋ္ဌမတန်း၊ နဝမတန်း ကျောင်းသား၊ ကျောင်းသူများဖြစ်သည်။ ၎င်းသင်တန်းကို ဧပြီ ၁၁ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကြေး အခမဲ့ သတ်မှတ်ပေးထားကာ အားကစားဝတ်စုံနှင့် အားကစား အထောက်အပံ့ပစ္စည်းများကို အဖွဲ့ချုပ်မှ ထောက်ပံ့ပေးလျက်ရှိသည်။

ယခုနွေရာသီ မြားပစ်သင်တန်းမှ ပေါ်ထွက်လာသော အလားအလာရှိသည့် ကစားသမားများကို မြားပစ်အဖွဲ့ချုပ်နှင့် အား/ကာ သိပ္ပံတို့တွင် ဆက်လက်ခေါ်ယူ၍ ပြုစုပျိုးထောင်ပေးသွားမည်ဖြစ်သည်။

အားကစားဝန်ကြီးဌာန အနေဖြင့် ပြည်သူများ ကျန်းမာကြံ့ခိုင်လာစေရေးအတွက် Mass Sport အသွင်သဏ္ဌာန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြန်မာ့အားကစားလောက အခွန့်ရှည် တိုးတက်အောင်မြင်ရန်အတွက် မျိုးဆက်သစ်လူငယ် အားကစားသမားများ ပေါ်ထွက်လာရန် အထူးအလေးထားဆောင်ရွက်နေပြီး ကျောင်းသားလူငယ်များမှ တစ်ဆင့် အရည်အသွေးပြည့်ဝသော ထူးချွန်သည့် အားကစားသမားများဖြစ်လာစေရန် နွေရာသီ အားကစားသင်တန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။ (ကြေးမုံ)



နွေရာသီ မြားပစ်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများအား နည်းပြ ဦးအောင်သူရ အနီးကပ် လေ့ကျင့်သင်ကြားပေးစဉ်။ (ကြေးမုံ)

# ဂျပန်နိုင်ငံ ရိုထရီကလပ်မှ ဘောလုံးများ ပေးအပ်လှူဒါန်း

**ရန်ကုန် မတ် ၁၆**

ဂျပန်နိုင်ငံ Rotary Club အဖွဲ့ဝင်များက မြန်မာနိုင်ငံရှိ လူငယ်ဘောလုံးအသင်းများအား ဘောလုံးများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ လေ့ကျင့်ရေးကွင်း (၁)တွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ ဘောလုံးများ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ Rotary Club အဖွဲ့ဝင်များက လူငယ်ဘောလုံးအသင်း ၁၁ သင်းသို့ ဘောလုံးများ တိုက်ရိုက် လှူဒါန်းကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ကျေးဇူးတင်စကား



အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ Rotary Club Member များ ကိုယ်စား Mr. Masuda ဘောလုံးများ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြောကြားပြီး အား/ကာသိပ္ပံ (ရန်ကုန်)မှ အသက်(၁၄)နှစ်အောက် လူငယ်ဘောလုံးအသင်း နှစ်သင်း ယှဉ်ပြိုင်ကစားကြရာ Rotary Club မှ Mr. Tsuharu Aizawa က ဘောလုံးကန်၍ သရုပ်ပြပွဲကို ဖွင့်လှစ်သည်။ သရုပ်ပြပွဲအပြီးတွင် အကောင်းဆုံးဆုရရှိကြသော ရဲကိုကိုနိုင်(အဝါ)နှင့် နိုင်မိုး(အပြာ)တို့အား Rotary Club မှ Mr. Masuda က အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

Rotary Club မှ ဘောလုံး စုစုပေါင်း ၁၆၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ Rotary Club မှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် လူငယ်ဘောလုံးအသင်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ Rotary Club မှ Mr. Tajima က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် Rotary Club အဖွဲ့ဝင်များ ကိုယ်စား Mr. Masuda က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ

# ပြည်နယ်နှင့်တိုင်း အသင်းလိုက်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ မတ် ၂၁ရက်တွင် ကျင်းပမည်

**ရန်ကုန် မတ် ၁၆**

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ ISUZU MOTORS LTD. က အဓိကကူညီပံ့ပိုးသော ၂၀၀၆ခုနှစ် (၂၈)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း အသင်းလိုက်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၂၁ရက်မှ ၂၄ရက်အထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရန်ကုန်ဂေါက်ကလပ် တညင်းကုန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသင်းလိုက် အကျောမဲ့ပြိုင်ပွဲ၊အသင်းလိုက် အကျောပေးပြိုင်ပွဲနှင့် အမျိုးသားတစ်ဦးချင်း အကျောပေးပြိုင်ပွဲဟူ၍ခွဲခြားပြီး ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

ယင်းပြိုင်ပွဲအတွက် အသင်းခေါင်းဆောင်များ အစည်းအဝေးကို မတ် ၁၉ရက် နံနက် ၁၀နာရီတွင် ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုသော ပြည်နယ်နှင့်တိုင်း ဂေါက်သီးရိုက်အသင်းများသည် ဖုန်း–၀၉–၉၈၇၂၅၅၄ နှင့် ၅၄၂၈၇၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

(၂၈) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန် ယူဆောင်ရွက်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

ISUZU



ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မင်္ဂလာလမ်းနေ ဒေါက်တာအောင်ချို–ဒေါ်သီတာဦး၊ သမီး မခိုင်စံရီတို့က ဒေါ်သီတာဦး၏ နှစ်(၅၀)ပြည့် မွေးနေ့အလှူအဖြစ် ငွေကျပ် ၁၁၀၀၀၀ ကို ပြင်သစ်ဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသီရိ ရှေ့မှောက်၌ လှူဒါန်းစဉ်။ (သတင်းစဉ်)

# မန္တလေးစီးပွားရေးလမ်းညွှန် ၂၀၀၆ စာအုပ် ဖြန့်ချိ

**ရန်ကုန် မတ် ၁၆**

Eureka Co., Ltd. သည် အထက်မြန်မာပြည် မန္တလေးစီးပွားရေးလမ်းညွှန် ၂၀၀၆ စာအုပ်**(ယာပုံ)**ကို ခွင့်ပြုချက်အမှတ် (၅၄၀၀၈၁၀၆၀၁)ဖြင့် မန္တလေးမြို့ အပါအဝင် အထက်မြန်မာပြည် ၃၂ မြို့တို့တွင် မတ် ၃ ရက်မှ စတင်၍ ဖြန့်ချိလျက်ရှိသည်။




အဆိုပါစာအုပ်တွင် မုံရွာ၊ ပခုက္ကူ၊ ရွှေဘို၊ ကလေး၊ မကွေး၊ မြင်းခြံ၊ မိတ္ထီလာ၊ တောင်ကြီး၊ မိုးကုတ်၊ လားရှိုး၊ မူဆယ်၊ မြစ်ကြီးနား၊ ဗန်းမော်၊ ပုဂံ–ညောင်ဦး၊ ကျောက်ပန်းတောင်း၊ တောင်တွင်းကြီး၊ အောင်လံ၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ စစ်ကိုင်း စသည့်မြို့များနှင့် ဆက်စပ်လျက်ရှိနေသော မြို့များအပါအဝင် အစိုးရရုံးဌာနများ၏ လိပ်စာများ၊ တယ်လီဖုန်းနံပါတ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတို့ကို ဖော်ပြထားသော ကြော်ငြာများ၊ လုပ်ငန်းလိပ်စာများနှင့် ဖုန်းနံပါတ်များ အပါအဝင် အများပြည်သူများ သုံးစွဲရလွယ်ကူစေရန်အတွက် လုပ်ငန်းအမျိုးအစားနှင့် အမည်များကို မြန်မာဘာသာ အက္ခရာစဉ်စနစ်ဖြင့် ဖော်ပြထားသည်။

**ပူးတွဲဖော်ပြထား**

ထို့အပြင် မြန်မာ့မီးရထား၏ တစ်ပြည်လုံးခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ဈေးနှုန်းနှင့် သတင်းအချက်အလက်များ၊ ရန်ကုန်–မန္တလေး၊ မန္တလေး–မြစ်ကြီးနား၊ မန္တလေး–ပုဂံ၊ မန္တလေး–လားရှိုး စသည့် အမြန်ရထား၊ စာပို့ရထား၊ စာပို့လော်ကယ်၊ ကုန်စည်တွဲများ၊ သီးသန့်တွဲငှားရမ်းခ နှုန်းထားများကိုလည်း ပူးတွဲဖော်ပြထားသည်။

မန္တလေးစီးပွားရေး လမ်းညွှန်စာအုပ်သည် မန္တလေးမြို့တွင်သာမက အထက်မြန်မာပြည် ၃၂ မြို့တို့တွင် ဖြန့်ဝေသုံးစွဲလျက်ရှိသည်။ မန္တလေးစီးပွားရေး လမ်းညွှန် ၂၀၀၆စာအုပ်ကို မန္တလေးမြို့တွင် H-2 ပထမထပ် လမ်း (၃၀)နှင့် ၇၈လမ်းထောင့် ချမ်းအေးသာစံမြို့နယ် ဖုန်း ၀၉–၅၀၀၉၁၀၁နှင့် ရန်ကုန်မြို့ အမှတ် (၁၄၅)၊ ၃၆ လမ်း (လယ်) ကျောက်တံတားမြို့နယ် ဖုန်း– ၂၅၃၂၂၉၅၊ ၂၅၀၁၂၁ တို့မှ ဖြန့်ချိကြောင်း သိရသည်။ (သတင်းစဉ်)

# တစ်နှစ်တာ အကောင်းဆုံး အားကစားဆု

၂၀၀၅ခုနှစ် တစ်နှစ်တာ အမျိုးသမီး အကောင်းဆုံးအားကစားသမားဆုရ ယဉ်ယဉ်ခိုင်နှင့် အကောင်းဆုံးနည်းပြဆုရ ဦးကျော်ခင်တို့အား မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းနှင့်အတူ တွေ့ရစဉ်။ (သတင်းဖော်ပြီး) (ကြေးမုံ)



# ရန်ကုန်တိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမည့် လုပ်ငန်းရှင်များအား တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တွေ့ဆုံ အမှာစကားပြောကြား

ရန်ကုန် မတ် ၁၆

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ဦးဘလွင်ခန်းမ၌ ရန်ကုန်တိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးကြမည့် လုပ်ငန်းရှင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။**

အဆိုပါ တွေ့ဆုံပွဲသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခြံစည်းရိုးကြက်ဆူပင် စီးပွားဖြစ်စိုက်ပျိုးလိုသည့် လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ရန်ကုန်တိုင်းအတွင်း ၂၀၀၆ ခုနှစ်၌ ခြံစည်းရိုးကြက်ဆူပင် ဧကတစ်သိန်း စိုက်ပျိုးမည့်စီမံချက် အောင်မြင်စေရေးအတွက် အဓိကလိုအပ်ချက်များဖြစ်သည့် စီးပွားဖြစ် စိုက်ပျိုးလိုသူ လုပ်ငန်းရှင်များ၊ စိုက်ပျိုးမြေ၊ ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့် ပျိုးပင်၊ စိုက်ပျိုးရေးနည်းပညာ၊ အရင်းအနှီးနှင့် ထောက်ပံ့ ဖြည့်ဆည်းမှုများနှင့်ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးက ၂၀၀၆ ခုနှစ်တွင် ရန်ကုန်တိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် ဧကတစ်သိန်း စိုက်ပျိုးမည့် စီမံချက်၊ စီးပွားဖြစ်စိုက်ပျိုးမည့် လုပ်ငန်းရှင်များအား စိုက်ပျိုးရန်မြေနေရာ နှင့် အခြားလိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးရန် စီမံထားရှိမှုများနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်း မန်နေဂျာ ဦးအောင်ဆန်းက ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရမည့် နည်းစနစ် များနှင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် သတိပြုရမည့်အချက် များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူ များက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

ယင်းနောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)




ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ရန်ကုန်တိုင်း အတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးကြမည့် လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ကြေးမုံ အင်တာနက်သတင်း

# ဓာတ်ငွေ့နှင့်လျှပ်စစ် ပေါင်းစပ်အသုံးပြုသော အင်ဂျင်စက်များ ဟွန်ဒါကုမ္ပဏီ ထုတ်လုပ်မည်



**ဂျပန်နိုင်ငံ ဟွန်ဒါမော်တော်ကားကုမ္ပဏီက အသစ်ထုတ်လုပ် ထားသည့် Accord Wagon ကားကို မတ် ၁၅ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

တိုကျို မတ် ၁၆

**ဂျပန်နိုင်ငံမှ ဟွန်ဒါမော်တော်ကားကုမ္ပဏီသည် ဓာတ်ငွေ့နှင့် လျှပ်စစ် ပေါင်းစပ်အသုံးပြုသော အင်ဂျင်စက်များနှင့် ဇိမ်ခံကားများ အတွက် အင်ဂျင်စက်များအပါအဝင် ယာဉ်တွန်းကန်အားစနစ်သစ်များ ထုတ်လုပ်နိုင်ရန် စက်ရုံသစ် တည်ဆောက်မည်ဖြစ်ကြောင်း ကုမ္ပဏီ ဥက္ကဋ္ဌ တာကဲအိုဖူကုအိက မတ် ၁၅ ရက်တွင် ပြောကြားသည်။**

ယာဉ်တွန်းကန်အားစနစ်နှင့် ပတ်သက်နေသော စက်ကိရိယာ များကို ထုတ်လုပ်နိုင်ရန် ဆိုင်းတာမာပြည်နယ် ယိုရီမြို့ရှိ ဟက်တာ ၈၀ ကျယ်ဝန်းသော မြေနေရာတွင် စက်ရုံတည်ဆောက်မည်ဖြစ် ကြောင်း တာကဲအိုက ပြောကြားသည်။

အသစ်တည်ဆောက်မည့် ယာဉ်တွန်းကန်အားစနစ် စက်ကိရိယာ များ ထုတ်လုပ်ရေးစက်ရုံသည် ဟွန်ဒါမော်တော်ကားကုမ္ပဏီ၏ အဆင့်မြင့် နည်းပညာအသုံးပြုသော လုပ်ငန်းများအတွက် အဓိကစက်ရုံ ဖြစ်လာမည်ဖြစ်သည်။ **စာမျက်နှာ ၇ ကော်လံ ၄ သို့** ●

# အရေအတွက်နှင့် တန်ဖိုးပမာဏ များပြားပြီး အရည်အသွေးကောင်းသည့် မြန်မာ့ကျောက်စိမ်း

ရန်ကုန် မတ် ၁၆

**၂၀၀၆ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့ ဆက်လက်ခင်းကျင်းပြသရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် ၁၅၇၂ ဦးတို့ လာရောက်ကြည့်ရှုလေ့လာကြသည်။**

မတ် ၁၅ ရက်မှ ၁၇ ရက်အထိ ရတနာကုန်သည်များ ကြည့်ရှု လေ့လာရန် သတ်မှတ်ပေးထားရာ ပြည်တွင်းမှ ရတနာကုန်သည်များ အပါအဝင် ဩစတြီးယား၊ တရုတ်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဂျပန်၊ စင်ကာပူ၊ ရုရှား၊ ထိုင်း၊ သီရိလင်္ကာ၊ စပိန်၊ ဟောင်ကောင် စသည်တို့မှ ရတနာကုန်သည်များလည်း ကြည့်ရှု လေ့လာကြသည်ကို တွေ့ရသည်။

ယခုနှစ် ကျောက်မျက်ရတနာ ပြပွဲသည် အရေအတွက်များပြားပြီး အရည်အသွေးအထူးကောင်းမွန်ကာ တန်ဖိုးပမာဏအားဖြင့်လည်းများပြား ကြောင်းသိရသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ✻



**(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်း ပြသထားသော အတွဲနံပါတ် (၂၄၂၉) ကျောက်စိမ်းတုံး ငါးတုံးပါဝင်ပြီး အလေးချိန် ၁၂၅ ကီလိုရှိကာ အခြေခံကြမ်းခင်းဈေး ယူရိုငွေတစ်သန်း သတ်မှတ်ထားသည့် ကျောက်စိမ်းတုံးကို တွေ့ရစဉ်။** (ကြေးမုံ)



**(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်း ပြသထားသော မိုးကုတ်ပတ္တမြားအတွဲ နံပါတ်(၆၃) ပတ္တမြားတာ တစ်ပွင့်၊ အလေးချိန် ၃၃ ဒသမ ၃၉ ကရက်ရှိပြီး အခြေခံကြမ်းခင်းဈေး ယူရိုငွေ ၃ ဒသမ ၅ သန်းတန် ပတ္တမြားကြီးကို တွေ့ရစဉ်။** (ကြေးမုံ)

## ထူးခြားသည့် နေ့အပူချိန်များ

**(၁၆-၃-၂၀၀၆)**

**မင်းဘူး နှင့် အောင်လံ**

၄၀ ဒီဂရီစင်တီဂရိတ်

(၁၀၄ ဒီဂရီဖာရင်ဟိုက်)